စာပေလောက ဟာသစာအုပ်

www.burmeseclassic.com

စိုးချစ်ဦး

# ဧည့်ခံဟာသများ

အမှတ် ၇

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုအမှတ်
[ ၆၆၈/၂၀၀၃ (၇) ]
မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၉၂၉/၂၀၀၃ (၁၁) ]

●

မျက်နှာဖုံး နှင့်
အတွင်းသရုပ်ဖော်
ပေသစ်တည်

---

မျက်နှာဖုံး ဒီဇိုင်း
ကျော်ကျော်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဒီဇင်ဘာ၊ ၂၀၀၃

---

စာအုပ်ချုပ်
ဖူးပွင့်မွေး

●

ဦးထွန်းထွန်းဦး (၅၀၃) နှင်းဦးလွင်စာပေ
အမှတ် ၅၅၃-အေ၊ ၈ ရပ်ကွက်
ပြည်လမ်း၊ ရန်ကုန်မြို့။
ဒေါ်ခင်လှ (မြဲ ၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

BURMESE CLASSIC .com

မာတိကာ

၁။ နှစ်ပတ်လည်နေ့ ၁
၂။ တစ်ရှူးယောက်တည်း ၂
၃။ ယောက်ျား သောက်တဲ့ ဆေးမျိုး ၃
၄။ ရှိပြီးသား ၄
၅။ စာပို့သမား ၅
၆။ ဆင်မှာစိုးလို့ ၆
၇။ အခိုင်းအစေ ၇
၈။ လျှို့ဝှက်ချက်က ၈
၉။ ပြချင်လို့ ၉
၁၀။ ဒီနေ့မကောင်းနေလို့ ၁၁
၁၁။ မသောက်တတ် မကစားတတ် ၁၂
၁၂။ မူးတာက ၁၃
၁၃။ အရက်ကြောင့် ၁၄
၁၄။ ဖြည်းဖြည်း ၁၅
၁၅။ လုပ်နိုင်မယ် ထင်လို့ ၁၆
၁၆။ ခွဲမရတဲ့ သမီးနှစ်ယောက် ၁၇
၁၇။ ဘယ်လို ကြိုက်သလဲ ၁၈
၁၈။ အရောင်းချေးသည် ၁၉

www.burmeseclassic.com

www.burmeseclassic.com

၁၉။ ရှာနေတာ ကြာပြီ ၂၀
၂၀။ မကြည့်မိဘူး ၂၀
၂၁။ သူ့ဆန္ဒ ၂၂
၂၂။ စာဝေခိုင်းတာ ၂၄
၂၃။ နွေဦးရာသီ ၂၅
၂၄။ အမေနဲ့ တူတာ ၂၆
၂၅။ အသင့်စောင့်နေပါ ၂၇
၂၆။ မထူးပါဘူး ၂၉
၂၇။ မရှိတော့လို့ ၃၁
၂၈။ ကော်ဖီသောက်ချင်လို့ ၃၃
၂၉။ မလိုသေးလို့ ၃၄
၃၀။ ဘာသာဗေဒပညာရှင်များ ၃၅
၃၁။ လေထီးစစ်သား ၃၆
၃၂။ ကျွန်တော်ကလဲ ၃၇
၃၃။ လူနာတော့ ၃၉
၃၄။ ကလေးတွေရဲ့ ၄၀
၃၅။ သူပြောတာက ၄၁
၃၆။ အပြစ်ပေးတာ ၄၂
၃၇။ မွေးနေ့လက်ဆောင် ၄၃
၃၈။ ကြိုက်တာယူဆိုလို့ ၄၄
၃၉။ ဘာလုပ်မလဲ ၄၆
၄၀။ ဆံပင်ပုံ ပြောင်းသွားတာက ၄၇
၄၁။ အတူတူပဲ ထင်တယ် ၄၈
၄၂။ တန်ရဲ့လား ၅၀
၄၃။ ထူးတော့ ထူးတယ် ၅၁
၄၄။ ဒါကြောင့် ၅၂
၄၅။ စားစာခံ ၅၃
၄၆။ ဟာသဆိုတာ ၅၄
၄၇။ ဖလင်က ၅၅
၄၈။ နာမည်ကြောင့်လား ၅၇
၄၉။ တိတ်တိတ်ကလေး ၅၈
၅၀။ ဓာတ်သိမ်းက ဘယ်လိုလဲ ၅၉
၅၁။ မေ့သွားလို့ ၆၀
၅၂။ ဖတ်နေတာ မဟုတ်ပါ ၆၁
၅၃။ သေသွားလို့ ၆၃
၅၄။ သိသွားလို့ ၆၄
၅၅။ ဘယ်လို သယ်ရမှာလဲ ၆၅
၅၆။ တစ်နှစ်လုံး ဆိုရင် ၆၆
၅၇။ သိလား ၆၇
၅၈။ ရောင်းရသလား ၆၈
၅၉။ ရုံဝင်ခ ၆၉
၆၀။ ကျွန်တော့်နောက်မှာ ၇၀
၆၁။ နေရာမဖယ်ပေးရင် ၇၁
၆၂။ အကောင်းကြီး ရှိသေးတယ် ၇၂
၆၃။ အဟောင်းတွေ ၇၃
၆၄။ ခင်ဗျားလို ၇၄
၆၅။ ကြိုက်သွားရင် ၇၅
၆၆။ ညံ့လို့ ၇၆
၆၇။ လေ့ကျင့်လိုက်လို့ ၇၇
၆၈။ ဘယ်သူ့ထက်လဲ ၇၈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| ၆၉။ | အစစ်လိုပဲ | ၇၉ |
| ၇၀။ | တားမြစ်တဲ့အထဲမှာ | ၈၀ |
| ၇၁။ | မကောင်းတာက | ၈၁ |
| ၇၂။ | ဆေးများသွားလို့ | ၈၂ |
| ၇၃။ | အမှုက | ၈၄ |
| ၇၄။ | လက်ဆောင်ပစ္စည်းနဲ့ ရမလား | ၈၅ |
| ၇၅။ | ပျောက်သွားပြီ | ၈၇ |
| ၇၆။ | သဘောကောင်းသူ | ၈၈ |
| ၇၇။ | အိပ်ရင်း ယောက်လို့ | ၈၉ |
| ၇၈။ | နောက်လုပ်ရမှာက | ၉၀ |
| ၇၉။ | အဝတ်အစား ချောင်ချောင် | ၉၁ |
| ၈၀။ | မရဘူး | ၉၂ |
| ၈၁။ | မြင်းမကလေး | ၉၄ |
| ၈၂။ | တစ်ယောက်ယောက် | ၉၅ |
| ၈၃။ | အချစ်ရယ် | ၉၆ |
| ၈၄။ | အံ့သြစရာ မဟုတ်ဘူး | ၉၇ |
| ၈၅။ | သိပ်သဘောကောင်းတာပဲ | ၉၈ |
| ၈၆။ | တစ်ခါမှ | ၉၉ |
| ၈၇။ | ပဿဥ္စ တစ်ပုဒ် | ၁၀၀ |
| ၈၈။ | နိုင်အောင် ပြေးဖို့က | ၁၀၁ |
| ၈၉။ | တူတော့ တူတယ် | ၁၀၂ |
| ၉၀။ | အခုတော့ | ၁၀၃ |
| ၉၁။ | ဘယ်သူလဲ | ၁၀၄ |
| ၉၂။ | တစ်ခုမဟုတ်ရင် | ၁၀၅ |
| ၉၃။ | အကယ်၍ | ၁၀၆ |
| ၉၄။ | တော်သေးလို့ | ၁၀၇ |
| ၉၅။ | သူ့အကြောင်းနှင့် သူ | ၁၀၈ |
| ၉၆။ | အကြောင်းက | ၁၀၉ |
| ၉၇။ | ငါလည်းပဲ | ၁၁၀ |
| ၉၈။ | ဒါပေမယ့် | ၁၁၁ |
| ၉၉။ | ငါသာဆိုရင် | ၁၁၃ |
| ၁၀၀။ | ပိုင်ဆိုင်သမျှထဲမှာ | ၁၁၄ |
| ၁၀၁။ | ကျန်တာတွေကို | ၁၁၅ |
| ၁၀၂။ | ကျန်တစ်ခုက | ၁၁၆ |
| ၁၀၃။ | ဘယ်လို ပြင်လိုက်တာလဲ | ၁၁၇ |
| ၁၀၄။ | ပင်လယ်ထဲမှာ | ၁၁၈ |
| ၁၀၅။ | လေချွန်ရတယ် | ၁၁၉ |
| ၁၀၆။ | ရှင်းနေရပြီ | ၁၂၁ |
| ၁၀၇။ | ရာသီဥတုခန့်မှန်းချက် | ၁၂၂ |
| ၁၀၈။ | မျိုးစေ့မမှန်လို့ | ၁၂၃ |
| ၁၀၉။ | သိသွားရင် | ၁၂၄ |
| ၁၁၀။ | ဘာကြောင့် | ၁၂၅ |
| ၁၁၁။ | မြင်ရမှ | ၁၂၆ |
| ၁၁၂။ | နောက်ဆက်တွဲ အလုပ် | ၁၂၇ |
| ၁၁၃။ | ဘာဖြစ်သွားမလဲ | ၁၂၈ |
| ၁၁၄။ | သူ့နည်းနှင့် သူ | ၁၂၉ |
| ၁၁၅။ | နေရာရှိသေးလျှင် | ၁၃၀ |
| ၁၁၆။ | မနှစ်တုန်းကလို | ၁၃၁ |
| ၁၁၇။ | ကောင်းသေးလား | ၁၃၂ |
| ၁၁၈။ | မင်း ထင်လို့ပါ | ၁၃၄ |


www.burmeseclassic.com

www.burmeseclassic.com


၁၁၉။ အိပ်ရတော့မှာဆိုတော့ ၁၃၅
၁၂၀။ ဆက်ကုပါ ၁၃၇
၁၂၁။ ခြသေ့ဦးခေါင်း ၁၃၈
၁၂၂။ သူ့ဦးလေး ၁၃၉
၁၂၃။ လစာတိုးပေးခြင်း ၁၄၀
၁၂၄။ မထားခဲ့ပါဘူး ၁၄၁
၁၂၅။ မိုးသလား ၁၄၂
၁၂၆။ ကျန်တဲ့ လူတွေက ၁၄၃
၁၂၇။ မားခုတ်ပြိုင်ပွဲ ၁၄၅
၁၂၈။ ရှက်စရာ ၁၄၆
၁၂၉။ အပြစ်ပေးဖို့ ၁၄၈
၁၃၀။ လူစားဝင်တာ ၁၄၉
၁၃၁။ ကျွန်မတို့နှင့် ၁၅၀
၁၃၂။ ရှက်စရာ မရှိပါဘူး ၁၅၁
၁၃၃။ ကြည့်ပြီးမှ ၁၅၃
၁၃၄။ ပြောနေရင် ၁၅၄
၁၃၅။ ထူးဆန်းတယ် ၁၅၅
၁၃၆။ ချိန်းလိုက်ပါ ၁၅၆
၁၃၇။ တတိယ ယောကျ်ား ၁၅၇
၁၃၈။ မိန်းမရဲ့ ရောဂါ ၁၅၈
၁၃၉။ ထပ်ဆက်တာကိုး ၁၅၉

## ၁။ နှစ်ပတ်လည်နေ့

ရက်စွဲ နေ့စွဲများကို မမှတ်မိတတ်သော ဦးလေးတစ်ယောက်သည် တစ်နေ့တွင် အိမ်သို့ ဝမ်းသာအားရ ပြန်လာပြီး လက်ထဲမှ လက်ဆောင် ပစ္စည်းထုပ်ကြီးကို ချ၍ အဒေါ် ဖြစ်သူအား ပြောလိုက်သည်။

'တို့ရဲ့ ပျော်ရွှင်ဖွယ်ရာ ငါးနှစ်မြောက် နှစ်ပတ်လည်နေ့ကွ မိန်းမရေ၊ မင်းက ငါ မေ့နေတယ်လို့ ထင်နေတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ရှင်ပြောတာ မှန်ပါတယ်'

အဒေါ် ဖြစ်သူက ဆက်၍ ပြောလိုက်သည်။

'ဒါပေမယ့် ရှင်ပြောတဲ့ နေ့က ရှင့်ပထမ အိမ်ထောင်နဲ့ နှစ်ပတ်လည်နေ့ ရှင့်၊ သိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com

## ၂။ တစ်ယောက်တည်း

ရုပ်ရှင်သရုပ်ဆောင်ဟောင်းတစ်ယောက်သည် သရုပ်ဆောင် လုပ်ငန်းတွင် အလုပ်မရှိတော့သဖြင့် ဆပ်ကပ်အဖွဲ့ တစ်ခုသို့ လာ၍ အလုပ် တောင်းလေသည်။

ဆပ်ကပ်အဖွဲ့ မန်နေဂျာက သူ့အား လက်ခံလိုက်ပြီး လုပ်ရမည့် အလုပ်ကို ပြောပြလေသည်။

'မင်းကို ငါတို့ အလုပ်ပေးမယ်၊ ငါတို့ ဆပ်ကပ်အဖွဲ့မှာ လူဝံ နှစ်ကောင်ပြတဲ့ အခန်းပါတယ်၊ အခု လူဝံကြီး တစ်ကောင်က သေသွားတယ်၊ ဒီတော့ သေသွားတဲ့ လူဝံကြီး နေရာမှာ မင်းက လူဝံ အဝတ်အစားတွေ ဝတ်ပြီး လူဝံလို သရုပ်ဆောင်ရမယ်၊ မင်းအနေနဲ့ တခြားဘာမှ လုပ်စရာ မလိုဘူး၊ လှောင်အိမ်ထဲမှာ လူဝံတစ်ကောင်နဲ့ အတူ ငြိမ်ငြိမ်ကလေး ထိုင်နေရုံပဲ၊ ဘယ်သူမှလဲ သိမှာမဟုတ်ပါဘူး၊ မင်း လုပ်နိုင်မှာပါ'

ထိုသရုပ်ဆောင်လည်း အလုပ်ကို လက်ခံလိုက်ပြီးနောက် လူဝံ အဝတ်အစားများကို ဝတ်၍ လှောင်အိမ်ထဲ ဝင်ကာ ထိုင်နေလေသည်။ မကြာခင် တခြားလူဝံတစ်ကောင်ကိုပါ လှောင်အိမ်ထဲ သွင်းလာလေသည်။ မကြာခင် ထိုသရုပ်ဆောင်သည် သံတိုင်များကို လှုပ်ယမ်း၍ အော်ဟစ်လေသည်။

'ကျွန်တော့်ကို ဒီအထဲက ထုတ်ပေးကြပါ၊ လုပ်ကြပါဗျ'

ဤတွင် အသံတစ်သံ သူ့ နောက်မှ ထွက်လာလေသည်။

'ဟေ့ကောင် ငြိမ်ငြိမ် နေစမ်းကွာ၊ မင်းတစ်ယောက်တည်း ရုပ်ရှင်လောကက လာတာ မဟုတ်ဘူးကွ'။



## ၃။ ယောက်ျား သောက်တဲ့ ဆေးမျိုး

အသက်အရွယ် အိုမင်းလှပြီ ဖြစ်သော အဖွားအို တစ်ယောက်အား သူတစ်ခါမှ မသောက်ဘူးသော ဘီယာတစ်ခွက်ကို မြည်းစမ်း၍ သောက်ခိုင်းလေသည်။

အဖွားအိုလည်း ဘီယာကို တဖြည်းဖြည်း စုပ်၍ သောက်ကြည့်လေရာ အဖွားအို၏ မျက်နှာမှာ ဇဝေဇဝါ ဖြစ်သွားပြီး တအံ့တဩနှင့် ပြောလိုက်သည်။

'အတော်ထူးဆန်းတာပဲ၊ ဘီယာဆိုတာ လက်စသတ်တော့ ငါ့ ယောက်ျား လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က သောက် သောက် နေတဲ့ ဆေးလိုပါပဲလား'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ၄။ ရှိပြီးသား

လောင်းကစားဝိုင်းများ ရှိသော လာ ဗေဂါသို့ လုပ်ငန်းရှင် တစ်ဦး ရောက်လာလေရာ အဝတ်အစား ညစ်နွမ်းနွမ်းနှင့် လူတစ်ယောက်က သူ့အနားလာပြီး ပြောလေသည်။

'ကျွန်တော့်ကို ပိုက်ဆံ ၂၅ ဒေါ်လာလောက် ချေးပါဗျာ၊ ကျွန်တော် ထမင်း မစားရတာ နှစ်ရက်လောက် ရှိနေလို့ပါ'

'မင်း အဲဒီငွေကို လောင်းကစား ပစ်ရင် ငါ ဘယ်လိုလုပ်သိ မလဲကွ'

'ဟာ ဒါတော့ စိတ်ချ၊ လောင်းကစားဖို့ ပိုက်ဆံက ကျွန်တော့်မှာ ရှိပြီးသားပါ'



BURMESE CLASSIC .com

## ၅။ စာပို့သမား

လူတစ်ယောက်သည် စာပို့လုလင် အတွက် စာမေးပွဲ ဖြေရရာ မေးခွန်းတစ်ခုကို သွားတွေ့လေသည်။

'ကမ္ဘာမြေနှင့် နေ မည်မျှ ကွာဝေးသနည်း'

ထိုမေးခွန်းကို ဖတ်ကြည့်ပြီး တခဏမျှ စဉ်းစားကာ ထိုင်ရာမှ ထကာ စာမေးပွဲစောင့် ဆရာထံသွား၍ ပြောလိုက်လေသည်။

'ကျွန်တော့်ကို အဲဒီ ခရီး လွှတ်မယ်ဆိုရင် ကျွန်တော် ဆက်မဖြေတော့ဘူး'

www.burmeseclassic.com


www.burmeseclassic.com



## ၆။ ထင်မှာစိုးလို့

ဆေးရုံတစ်ရုံတွင် လူနာတစ်ယောက်သည် ခွဲစိတ်ကုသရာမှ ပြန်လည်၍ သတိရလာလေရာ သူ့အခန်းတစ်ခုလုံး လိုက်ကာများ ချထားသဖြင့် သူနာပြု ဆရာမကလေးကို မေးလိုက်သည်။

'ဒီလိုပါ ရှင်၊ ဆေးရုံရှေ့ လမ်းတစ်ဖက်မှာ မီး အကြီးအကျယ် လောင်နေပါတယ်၊ ဒီတော့ ရှင် ပြန်သတိရလာတဲ့အခါ ငါတော့ ခွဲစိတ်ကုသတာ မအောင်မြင်ဘူးလို့ မထင်စေချင်လို့ပါ'



## ၇။ အနိုင်းအစေ

လူတစ်ယောက်သည် စီးပွားရေးလုပ်ငန်း ကျဆင်းလာသဖြင့် ဇနီးဖြစ်သူအား ပြောလိုက်သည်။

'အခုလောလောဆယ်မှာတော့ အိမ်မှာ အခိုင်းအစေ မထားချင်တော့ဘူး၊ အလုပ်က ထုတ်လိုက်တော့၊ အဲဒီ အလုပ်တွေ ငါက လုပ်ရမယ်'

'ဒါကတော့ ရှင်သဘောလေ၊ ရှင် ထုတ်ချင်ရင် ထုတ်ပေါ့၊ ရှင့် အမေပဲဟာ'

www.burmeseclassic.com



## ၈။ လှို့ဝှက်ချက်က

အဘိုး ဖြစ်သူသည် သူ၏ အနှစ် ၁၀၀ ပြည့် မွေးနေ့ပွဲကို ကျင်းပလျက်ရှိရာ လာရောက်ကြသူများက အဘိုး၏ ကျန်းမာရေးမှာ ကောင်းမွန်နေသဖြင့် အားလုံးက ဝိုင်းဝန်း၍ ချီးကျူးစကား ပြောဆိုနေကြလေသည်။

'အေး မင်းတို့ အားလုံးကို ငါ့ရဲ့ လှို့ဝှက်ချက် ပြောပြမယ် နားထောင်ကြ၊ ငါနဲ့ ငါ့မိန်းမ အိမ်ထောင်ကျတဲ့ လွန်ခဲ့တဲ့ ၇၅ နှစ်ကတည်းကစပြီး သဘောတူညီချက် တစ်ခု လုပ်ထားတယ်၊ အဲဒါက ဘာလဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် စကားများ ရန်ဖြစ်ကြတဲ့အခါ မှားတဲ့လူက အိမ် အပြင်ထွက် လမ်းတစ်ပတ် လျှောက်ရမယ်လို့ သဘောတူညီထားကြတယ်၊ အဲဒီလိုနဲ့ ငါဟာ လွန်ခဲ့တဲ့ ၇၅ နှစ်ကတည်းက လေကောင်းလေသန့်ရတဲ့ အပြင်ဘက်မှာချည်း နေခဲ့ရတာပဲကွ'




## ၉။ ပြချင်လို့

သူတောင်းစားတစ်ယောက်သည် လူတစ်ယောက်ထံမှ ထမင်းဖိုး ပိုက်ဆံတောင်းလေသည်။ ထိုအခါ ထိုလူက ပြောလိုက်သည်။

'မင်းတစ်ခုခု သောက်မလား၊ ငါ တိုက်မယ်'

'မသောက်တတ်ပါဘူး ခင်ဗျာ'

'ဒါဆိုရင် ဆေးပြင်းလိပ် ကောင်းကောင်း ငါ ဝယ်ကျွေးမယ်၊ မင်း သောက်မလား'

'ဆေးလိပ်လဲ မသောက်တတ်ပါဘူး၊ ကျွန်တော် တစ်ခုခုပဲ စားချင်ပါတယ် ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ မြင်းပွဲ သွားမလို့၊ မြင်းတစ်ကောင်းကောင်းလဲ ရထားတယ်၊ မင်းကို ငါ ပိုက်ဆံပေးမယ်၊ ငါနဲ့ လိုက်ပြီး မြင်းလောင်းပါလား'

'လောင်းကစားလဲမလုပ်တတ်ဘူး ခင်ဗျ'

'ကဲကွာ၊ ဒါဆိုရင် မင်း ငါနဲ့ ညစာ အတူတူ စားဖို့ ငါ့အိမ် လိုက်ခဲ့စမ်းပါ၊ ငါ့မိန်းမကို မင်းနဲ့တွေ့ပေးပြီး လူ တစ်ယောက်ဟာ အရက်မသောက်၊ ဆေးလိပ် မသောက်၊ လောင်းကစားလဲ ဝါသနာမပါဘူး ဆိုရင် ဘယ်လို ဖြစ်တတ်တယ် ဆိုတာ ပြချင်လို့ပါ'

## ၁၀။ နေမကောင်းနေလို့

မနက် ၅ နာရီထိုးမှ အိမ်ပြန်ရောက်လာသော ယောက်ျား ဖြစ်သူကို မိန်းမက စိတ်ဆိုးဆိုးနှင့် မြည်တွန်တောက်တီးလျက် ရှိလေသည်။

'ဟာ၊ မင်း လျှောက် ပြောမနေနဲ့၊ ငါ ဘယ်မှ သွားနေတာ မဟုတ်ဘူး၊ ငါ့သူငယ်ချင်းတစ်ယောက် အသည်းအသန် ဖြစ်နေလို့ တစ်ညလုံး သူ့အနားမှာ နေပေးနေရတာကွ'

'ရှင် မဟုတ်တာတွေ လာမပြောနဲ့၊ ဒါဆိုရင် အဲဒီ သူငယ်ချင်းက ဘယ်သူလဲ'

တခဏမျှ စဉ်းစားနေပြီးမှ ယောက်ျားလုပ်သူက ခပ်တည်တည်နှင့် ပြောလိုက်လေသည်။

'အေးကွ၊ သူက အတော်ကို ဖြစ်နေတော့ နာမည်တောင် မပြောနိုင်ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com




## ၁၁။ မသောက်တတ် မကစားတတ်

လူတစ်ယောက်သည် သူ၏ သားမက်နှင့် ပတ်သက်၍ မိတ်ဆွေ တစ်ယောက်ကို ပြောပြနေလေသည်။

'ငါ့သားမက်တစ်ယောက်ကကွာ၊ မသောက်တတ်ဘူး မကစားတတ်ဘူး'

'ဟုတ်လား၊ မင်း ကံကောင်းတာပေါ့ကွ၊ ဒီလို သားမက်မျိုးရတာ'

'မဟုတ်ဘူး၊ ငါ ဆိုလိုတာက ငါ့သားမက်က မသောက်တတ်ဘူး သောက်တယ်၊ မကစားတတ်ဘူး ကစားတယ်ကွ'



## ၁၂။ မူးတာက

လူတစ်ယောက်သည် ဝီစကီနှင့် ရေကို ရော၍ သောက်ရာ မူးသွားလေ၏။ ရမ်နှင့် ရေကို ရော၍ သောက်ပြန်ရာ မူးပြန်လေ၏။ သို့နှင့် ဘရန်ဒီနှင့် ရေကို စပ်၍ သောက်လေ၏။ ဤအခါ၌လည်း မူးသွားလေသည်။ ထိုနောက် ဂျင်နှင့် ရေကို စပ်၍ သောက်ပြန်၏။ ၎င်းသည်လည်း မူးလေသည်။ နောက်ဆုံး ဝိုင်နှင့် ရေကို စပ်၍ သောက်ကြည့်လေရာ မူးပြန်လေသည်။ ထို့ကြောင့် ထိုသူသည် မူးစေသည့် အရာမှာ ရေပါတကားဟု မှတ်ထားလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ အရက်ကြောင့်

အရက်သမား တစ်ယောက်သည် အရက်ကို မသောက်တော့ဘဲ ဖြတ်လိုက်ရခြင်း အကြောင်းကို ပြောပြလေသည်။

တစ်နေ့တွင် အရက်မူးပြီး ပြန်လာရာ ယောက္ခမဖြစ်သူကို သေနတ်နှင့် ပစ်လိုက်လေသည်။ ထိုနောက်တွင် ယောက္ခမကြီးကို သေနတ်နှင့် ပစ်၍ မထိခြင်းမှာ သူ အရက် မူးနေသောကြောင့် ဖြစ်သည်ဟု သိနားလည်သွားသဖြင့် ဖြစ်လေသည်။



## ၁၄။ ဖြည်းဖြည်း

အိမ်ခြေယာမဲ့ နှစ်ယောက်သည် ဘေးတွဲပါသော ဆိုင်ကယ် တစ်စီးကို တွေ့သဖြင့် တစ်ယောက်က ဆိုင်ကယ်ပေါ်တက်လိုက်ပြီး ကျန်တစ်ယောက်က ဘေးတွဲထဲ ဝင်ထိုင်လေသည်။ ထိုနောက် ဆိုင်ကယ်ကို စက်နှိုး၍ မိုင်ကုန်မောင်းလေသည်။ ဤသို့နှင့် ၁၅ မိနစ်ခန့် ဝေးလာပြီးသောအခါ ဘေးတွဲနှင့်လိုက်လာသူမှာ လျှာထွက်မတတ်ဘဲ မောပန်းနေသည်ကို ဆိုင်ကယ်မောင်းသူက မြင်သဖြင့် ဆိုင်ကယ်ကို ရပ်လိုက်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း၊ ဘာဖြစ်လို့လဲကွ'

'ဖြည်းဖြည်း မောင်းပါကွာ၊ ဒီဆိုင်ကယ် သေးတွဲက ယောင်းလောင်းပေါက်ကြီး၊ ထိုင်ခုံ မပါဘူးကွ၊ တလမ်းလုံး ပြေးလိုက်ခဲ့ရတာ သေတော့မယ်'

## ၁၅။ လုပ်နိုင်မယ် ထင်လို့

လူတစ်ယောက်သည် ညက အမူးလွန်သွားပြီး နောက် တစ်နေ့တွင် သတိရသောအခါ ဆေးရုံပေါ် ရောက်နေလေသည်။ နံဘေးတွင်လည်း သူငယ်ချင်းတစ်ယောက်ကို တွေ့ရလေ၏။ ထိုကြောင့် မေးလိုက်သည်။

'ငါ ဘာဖြစ်လို့လဲ ဟင်'

'ဒီလိုကွ၊ မနေ့ညက မင်း အတော်ကို မူးသွားတယ်၊ အဲဒီလို မူးသွားပြီးတော့ မင်းက ပြတင်းပေါက် ရှိရာကို သွားပြီး မြို့ပေါ်ကို တစ်ပတ် ပျံကြည့်လိုက်ဦးမယ်လို့ မင်းက ပြောလိုက်တယ်'

'ဘာ၊ ဒါဆိုရင် မင်းက ဘာဖြစ်လို့ ငါ့ကို မတားရတာလဲ၊ ဒါ သူငယ်ချင်းလားကွ'

'မင်း ဘာဖြစ်လို့ ငါ့ကို စိတ်ဆိုးရတာလဲ၊ ညတုန်းက မင်းက အဲဒီလို ပြောတော့ ငါက တကယ် ပျံနိုင်မယ်လို့ ထင်လိုက်တာကိုးကွ'




## ၁၆။ ခွဲမရတဲ့ သမီးနှစ်ယောက်

လူတစ်ယောက်သည် ခွဲ မရအောင်ရုပ်တူသော သူ၏ သမီးနှစ်ယောက် အကြောင်းကို ပြောပြလျက် ရှိသည်။

ထိုအခါ မိတ်ဆွေတစ်ဦးက ဝင်မေးလိုက်သည်။

ခင်ဗျား သူတို့နှစ်ယောက်ကို ဘယ်လို ခွဲခြားလို့ ရပါလဲ'

'ရွှေရောင်ဆံပင်နဲ့ သမီးက ဆံပင်အနီနဲ့ သမီးထက် ဆံပင်ပုံစံ ပိုသပ်ရပ်တယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၇။ ဘယ်လို ကြိုက်သလဲ

လူတစ်ယောက်သည် စိတ်ရောဂါကု ဆရာဝန်ထံ ရောက်လာသဖြင့် ဆရာဝန်က မေးလိုက်သည်။

'ခင်ဗျား ဘာဖြစ်လို့လဲဟင်'

'ကျွန်တော်က တောစီးဖိနပ်ရှည်ထက် ရိုးရိုးရှူးဖိနပ်ကို ပိုနှစ်သက်လို့ပါ'

'လူတိုင်း ခင်ဗျားလိုပါပဲဗျ၊ ကျွန်တော်လဲ ရှူးဖိနပ်ကို ပို သဘောကျတာပေါ့'

'ဟုတ်လား ဆရာ၊ ဒါဆိုရင် ကြော်တာ ကြိုက်သလား၊ ပြုတ်တာ ပိုကြိုက်သလားဟင်'

## ၁၈။ အရောင်းစျေးသည်

အရောင်းစျေးသည်တစ်ယောက်သည် မြေတစ်ကွက်ကို ရောင်းချခဲ့ပြီးနောက် ထိုမြေကွက်မှာ ရေလွှမ်းနေသဖြင့် ဝယ်သူက ငွေပြန်လိုချင်ကြောင်း လာပြောလေသည်။

သို့နှင့် သူ၏ သူဌေးထံ သွား၍ ပြောပြလေသည်။

'မြေဝယ်သွားသူတွေက အတော်ကို စိတ်ဆိုးနေကြပြီ ဆရာ၊ အဲဒီတော့ ငွေပြန်အမ်းလိုက်ရမလား ဟင်'

'ဘာပြောတယ်ကွ၊ မင်းက ဘယ်လို အရောင်းကိုယ်စားလှယ်လဲ၊ သူတို့ကို မော်တော်ဘုတ်တစ်စင်း ထပ်ရောင်းလိုက်ပါလား'

www.burmeseclassic.com

www.burmeseclassic.com




## ၁၉။ ရှာနေတာ ကြာပြီ

လူတစ်ယောက်သည် မြို့တစ်မြို့၏ အေးချမ်းသာယာလှသော ရပ်ကွက်ရှိ သူ၏ အိမ်တွင် နေထိုင်ရသည်ကို နှစ် ကြာလာသဖြင့် ငြီးငွေ့လာပြီး ထိုအိမ်ကို ပြန်ရောင်းရန် အိမ်ပွဲစားများ လက်ထဲ အပ်လိုက်လေသည်။

နောက်တစ်နေ့တွင် အိမ်ပွဲစားများက သူ့အိမ်ရောင်းရန် ရေးသားထားသော ကြော်ငြာကို ဖတ်မိပြီးနောက် သူက အိမ်ပွဲစားထံ ချက်ချင်းထ၍ ဖုန်းဆက်လေသည်။

'အိမ်ကို မရောင်းတော့ဘူးဗျ၊ ခင်ဗျားတို့ ရေးထားတဲ့ ကျွန်တော့်အိမ် ကြော်ငြာကို ဖတ်ကြည့်မိတော့ ကျွန်တော် တစ်သက်လုံး လိုချင်လို့ ရှာနေတဲ့ အိမ်မျိုး ဖြစ်နေတယ်ဗျ'



## ၂၀။ မကြည့်မိဘူး

လူတစ်ယောက်သည် သူ၏ အိမ်ဖော်ကောင်မကလေးကို ကျိတ်၍ ဆူလျက် ရှိလေသည်။

'နင့်ကို ငါ ပြောထားသားပဲ၊ ငါ အိမ်ပြန်နောက်ကျတာကို ငါ့ မိန်းမကို သွား မပြောနဲ့လို့ဆိုတာ ဘာဖြစ်လို့ နားမထောင်ရတာလဲ'

'ကျွန်မ မပြောပါဘူး၊ အစ်မက မေးတော့ ကျွန်မ ပြန်ပြောလိုက်တာက မနက်စာ ချက်နေလို့ နာရီတောင် မကြည့်မိဘူးလို့ပဲ ပြောလိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၂၁။ သူ့ဆန္ဒ

အလွန်တရာမှ ချောမောလှပချင်သော မိန်းမတစ်ယောက်သည် ပင်လယ်ကမ်းခြေ၌ လမ်းလျှောက်နေရင်း ပုလင်း တစ်လုံးကို သွားတွေ့လေ၏။ ထိုပုလင်းထဲ၌ ဘီလူးကြီး တစ်ကောင် ရှိလေသည်။

ထိုအမျိုးသမီးသည် ပုလင်းထဲမှ ဘီလူးကြီးကို ထုတ်ပေးလိုက်သည်။ အကျဉ်းခံနေရသော ဘီလူးကြီးသည် သူ လွတ်မြောက်သွားသဖြင့် ကျေးဇူးတင်သည့်အနေနှင့် ထို အမျိုးသမီးအား ပြောလိုက်သည်။

'အသင် အလိုရှိရာ ပြောပါ၊ သင့်ဆန္ဒအားလုံး ပြည့်ဝစေရမယ်'

ထိုအမျိုးသမီးလည်း အားရဝမ်းသာနှင့် သူဖြစ်စေချင်သည်များကို တန်းစီ၍ ပြောလေတော့သည်။



'အဲလီဇဘက်တေလာလို ဆံပင်မျိုး လိုချင်ပါတယ်၊ ဘာရစ်ဂျစ်ဘားဒေါ့လို မျက်လုံးမျိုး ဖြစ်ချင်တယ်၊ ခန္ဓာကိုယ်ကတော့ ဆိုဖိယာလိုမျိုး ဖြစ်ချင်တယ်၊ ပြီးတော့ အချောဆုံး အလှဆုံးလဲ ဖြစ်ချင်ပါတယ်'

ဘီလူးကြီးလည်း ထိုအမျိုးသမီးကို တစ်ချက် လှမ်းကြည့်ပြီးနောက် ပြောလိုက်လေသည်။

'ကဲ ကလေးမရေ၊ ငါ့ကိုသာ ပုလင်းထဲ ပြန်ထည့်လိုက်ပါတော့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



## ၂၂။ စာဝေခိုင်းတာ

ဗြိတိသျှ လေတပ်မတော်မှ လေသူရဲတစ်ဦးအား ဂျာမနီပြည်သို့ သွား၍ ဝါဒဖြန့် စာရွက်များ ဝေခိုင်းလိုက်သည်။ ထိုလေသူရဲသည် နှစ်လခန့် ကြာမှ တပ်ရင်းသို့ ပြန်ရောက်လာသဖြင့် သူ့တပ်မှူးက မေးလိုက်သည်။

'မင်းကို ရန်သူ့နယ်မြေထဲသွားပြီး စာရွက်တွေ ကြဲချခိုင်းလိုက်တာ နှစ်လတောင် ကြာတယ်ဆိုတော့ မင်းဟာက မဟုတ်သေးပါဘူးကွာ'

ထိုအခါ လေသူရဲဖြစ်သူသည် တအံ့တသြနှင့် ပြန်ပြောလိုက်လေသည်။

'ခင်ဗျာ၊ ကျွန်တော့်ကို လေယာဉ်ပေါ်က ကြဲချခိုင်းတာ၊ ဟုတ်လား၊ မသိပါဘူး ခင်ဗျာ၊ ကျွန်တော်က အိမ်တိုင်းရဲ့ တံခါးအောက်ကနေ ထိုးသွင်းရမယ် ထင်လို့ပါ'




## ၂၃။ နွေဦးရာသီ

ပန်းချီပြခန်းတစ်ခုတွင် လူတစ်ယောက်သည် အမျိုးသမီး တစ်ဦး၏ တစ်ကိုယ်လုံးပုံအား သစ်ရွက်များဖြင့် မလုံမလဲ ဖုံးထားသည့် 'နွေဦးရာသီ' အမည်ရှိ ပန်းချီကားကို တစိမ့်စိမ့်နှင့် စိတ်ပါဝင်စားစွာ ကြည့်ရှုနေလေရာ ထိုသူ၏ ဇနီးဖြစ်သူက ကောက်ကာငင်ကာ ပြောလိုက်လေသည်။

'ဘာလဲ၊ ရှင်က ရွက်ကြွေတဲ့ ရာသီအထိ ဒီပုံကို စောင့်ကြည့်မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ အမေနဲ့ တူတာ

လူငယ်တစ်ယောက်သည် ရည်းစားသည်အား အိမ်သို့ ခေါ်လာရာ မိခင်ဖြစ်သူက သဘောမကျသဖြင့် စိတ်ညစ်လျက် ရှိလေသည်။ ထိုအခါ သူငယ်ချင်းဖြစ်သူက အကြံပေးလေသည်။


'ဒါဆိုလဲကွာ၊ မင်းအမေနဲ့တူတဲ့ ကောင်မကလေးမျိုး ရှာပေါ့ကွ'

ဤသို့နှင့် ထိုလူငယ်ကလေးသည် သူ့အမေနှင့် တူသော မိန်းကလေးကို ရှာလေရာ နောက်ဆုံး၌ တွေ့သွားလေသည်။ ထိုနောက် သူ့အား အကြံပေးသော သူငယ်ချင်းကို ထိုအကြောင်း ပြောပြလေသည်။

'သူငယ်ချင်း မင်းပြောတဲ့အတိုင်း အမေနဲ့ တူတဲ့ ကောင်မကလေးကို ရှာတာ တွေ့တယ်ကွ၊ သူက အမေ့လိုပဲ ပြောတတ် ဆိုတတ်တယ်၊ ဝတ်တတ် စားတတ်တယ်၊ ကုန်ကုန်ပြောမယ်ကွာ ထမင်းဟင်းချက်တာတောင် အမေ့အတိုင်းပဲကွ'

'အေးလေ မင်းအမေ သဘောကျရင် ပြီးရော မဟုတ်လား၊ ဘာလိုသေးသလဲ'

'ဘာမှတော့မလိုပါဘူး၊ ဒါပေမယ့် အဖေက သဘောမကျဘူးကွ၊ အဲဒီ ကောင်မကလေးကို လုံးဝ ကြည့်မရဘူးလေ'




## ၂၅။ အသင့်စောင့်နေပါ

ပယ်ဒီဆိုသူသည် ဒူဂန်၏ အရက်ဆိုင်သို့ ရောက်လာပြီး အရက် မှာလိုက်သည်။

'အရက် နှစ်ပက်လောက် လုပ်စမ်းပါဗျာ၊ ဒီနေ့ ကျွန်တော့်အတွက် အရမ်း လိုအပ်နေလို့ပါ'

'ဘာဖြစ်လာလို့လဲ ဟင်'

ဘားကောင်တာမှ လူက အရက်ထည့်ပေးလိုက်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ၊ ခင်ဗျားကိုတော့ ပြောပြရမှာပေါ့၊ ဒီနေ့ကတော့ သူကျေကိုယ်ကျေ ချရတော့မယ်ဗျ၊ ခင်ဗျား တစ်သက်မှာ ကြောက်စရာ အကောင်းဆုံး ရန်ပွဲကြီး တစ်ပွဲ တွေ့ရတော့မယ်ဗျို့'

အရက်ခွက်ကို တစ်ချက်တည်း ကောက်မော့လိုက်ရင်း ပြောလိုက်သည်။ ပြီးမှ ဆက်၍ ပြောလိုက်သည်။

'ခင်ဗျား တယ်လီဖုံး ခဏ ဆက်မယ်နော်'

'ရပါတယ်၊ ဆက်ပါဗျာ'

ပယ်ဒီသည် သူ၏ ဆရာဝန်ထံ လှမ်း၍ ဆက်လိုက်သည်။

'ဆရာ၊ ဆေးခန်း မပိတ်နဲ့ဦးနော်၊ အရေးပေါ်အတွက် စောင့်နေပါဦးဗျာ၊ ဒုဂန်အရက်ဆိုင်မှာ ရန်ပွဲကြီးတစ်ပွဲ ဖြစ်လိမ့်မယ် ဆရာ'

ထိုနောက် ထိုသူသည် အရက်တစ်ခွက် ထပ်မှာရင်း ဘားကောင်တာမှ လူကို ပြောလိုက်ပြန်သည်။

'တကယ် ကြီးကျယ်တဲ့ ရန်ပွဲကြီးကို ခင်ဗျားကော့ ကြုံရတော့မယ်ဗျို့'

'နေပါဦးဗျ၊ မေးပါရစေ၊ ခင်ဗျားက ဒီမှာ ဘယ်သူနဲ့ ရန်ဖြစ်မှာမို့လဲ'

'ခင်ဗျားနဲ့လေ၊ ကျွန်တော့်မှာ အရက်ဖိုးပေးစရာ တစ်ပြားမှ မရှိဘူးဗျ'

## ၂၆။ မထူးပါဘူး

လင်မယား သုံးစုံတွဲသည် ကားတစ်စီးနှင့် လျှောက်လည်နေကြရာ သူတို့စီးလာသည့်ကားသည် တောင်ပေါ်မှ ထိုးကျသွားလေသည်။ ထိုနောက်ပိုင်း၌ သူတို့ သိလိုက်သည်မှာ ကောင်းကင်ဘုံရှိ ပုလဲမုခ်ဦးရှေ့သို့ ရောက်နေခြင်း ဖြစ်သည်။ မုတ်ဆိတ်မွေးကျင်စွယ် အဖွေးသားများနှင့် အံစောင့်ပုဂ္ဂိုလ်ကြီးက သူ့စာအုပ်ကို ကြည့်ကာ ရှေ့ဆုံးကလူကို ပြောလိုက်သည်။

'ကဲ၊ မင်းကို ဒီမှာ လက်ခံသင့်သလားဆိုတာ ပြောစမ်းပါဦး'

'ကျွန်တော်ဟာ မိသားစုအပေါ်မှာ ကောင်းကောင်း ကျွေးမွေးစောင့်ရှောက်ခဲ့ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော့် ကလေးတွေဟာ ပညာတတ်တွေချည်းပါပဲ'

'အေး မင်းပြောတာ ဟုတ်တယ်၊ ဒါပေမယ့် မင်းဟာ အရက်အတော်သောက်တဲ့ လူပဲ၊ ပြီးတော့ မင်းမှာ လက်ထပ်ထားတဲ့ ဇနီးမယား ရှယ်ရီဆိုတာ ရှိရဲ့သားနဲ့ တခြား မိန်းမတွေနဲ့ ပျော်ပါးခဲ့တယ်၊ ဒီတော့ မင်းကို ငရဲဘုံမှာ ရာစုနှစ် အနည်းငယ် ပို့ထားရလိမ့်မယ်၊ ပြီးမှ မင်းကိစ္စကို ငါ ပြန်စဉ်းစားမယ်'

ဒုတိယ လူကို လှည့်၍ မေးလိုက်ပြန်သည်။

'ကဲ မင်းကရော၊ ဒီမှာ မင်းကို လက်ခံသင့်သလား ဆိုတာ မှန်မှန် ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ဟာ သစ္စာရှိတဲ့ လင်ယောကျ်ား တစ်ယောက်ပါ၊ ပြီးတော့ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းလဲ မှန်မှန် တက်ခဲ့ပါတယ်'

'အေး ဟုတ်တယ်၊ နို့ပေမယ့် မင်းဟာ ဇနီး ပင်နီထက် ငွေကို ပိုပြီး ချစ်ခဲ့တဲ့လူပဲ၊ မင်းလဲခုနလို ငရဲဘုံ သွားနေလိုက်ပါဦးလေ'

အစောင့်ပုဂ္ဂိုလ်ကြီးသည် တတိယလူထံ လှည့်လိုက်ရာ ထိုသူသည် သူ၏ ဇနီးသည်နှင့်အတူ ငရဲဘုံ ရှိရာ သွားနေကြသော သူ့အဖော်များနောက်သို့ ဆင်းလိုက်သွားရင်း ယောကျ်ား ဖြစ်သူက ဇနီးသည်အား ဤသို့ ပြောလိုက်သည်ကို ကြားရလေ၏။

'ဒီမှာ ဖင်နီရေ၊ တို့ စောင့်နေလို့လဲ ဘာမှ မထူးပါဘူး၊ သူတို့နောက်ပဲ လိုက်သွားရအောင်'

📖



## ၂၇။ မရှိတော့လို့

တောင်းရမ်းစားသူတစ်ယောက်သည် ချမ်းသာကြွယ်ဝသူ တစ်ယောက်၏ အင်္ကျီ လက်မောင်းကို ဆွဲ၍ ပြောလိုက်သည်။

'ကျွန်တော့်ကို ပိုက်ဆံ ငါးဆင့်လောက် ပေးပါခင်ဗျာ၊ ကော်ဖီ တစ်ခွက်လောက် သောက်ချင်လို့ပါ'

ထိုသူလည်း တောင်းစားသူကို သေသေချာချာ ကြည့်ပြီးမှ ပြောလိုက်သည်။

'ခင်ဗျားကို ကျွန်တော် ပိုက်ဆံပေးပါမယ်၊ ဒါပေမယ့် ခင်ဗျားဟာ အခုလို ဘာဖြစ်လို့ မွဲသွားရတယ် ဆိုတာ ကျွန်တော့်ကို ပြောပြပါလား'

www.burmeseclassic.com

www.burmeseclassic.com



'မမျှော်လင့်ပဲ အခုလို ဆင်းရဲသွားရတာပါ၊ အစကတော့ ကျွန်တော်လဲ ခင်ဗျားလို အောင်မြင်တဲ့ လုပ်ငန်းရှင် တစ်ယောက်ပါ၊ အလုပ်ကို နေ့မအား ညမအား လုပ်တဲ့ လူပေါ့၊ ကျွန်တော့် အလုပ်စားပွဲမှာ ဆိုရင် ဒီလို ဆောင်ပုဒ် ရေးထားပြီး လုပ်တာဗျ၊

ပြီးပြည့်စုံအောင် စဉ်းစားပါ၊

ဆုံးဖြတ်ချက် ချပြီးလျှင် ချထားသည့်အတိုင်း လုပ်ပါ၊

အဲဒီလို ရေးပြီး ရေးတဲ့အတိုင်း လုပ်ထားပေါ့ဗျာ၊ အဲဒီ နောက်တော့ ကျွန်တော့် ရုံးက သန့်ရှင်းရေးလုပ်တဲ့ အမျိုးသမီးက တစ်နေ့မှာ အဲဒီ ဆောင်ပုဒ် စာတမ်းတွေကို ရှင်းပစ်လိုက်တယ်လေ'

## ၂၈။ ကော်ဖီသောက်ချင်လို့

အိမ်ခြေယာမဲ့ တစ်ယောက်သည် လမ်းပေါ်၌ လူတစ်ယောက်ထံမှ ပိုက်ဆံတောင်းလေသည်။


'ကျွန်တော် ကော်ဖီတစ်ခွက် သောက်ချင်လို့ ဒေါ်လာ ၄၀၀၀ လောက်ပေးပါ ခင်ဗျာ'

'ဘာ ပြောတယ်၊ ကော်ဖီတစ်ခွက် သောက်ချင်တာ ဒေါ်လာ ၄၀၀၀ လိုလို့လား'

'ဒီလိုပါ၊ ကျွန်တော်က မော်တော်ကားပေါ်ကနေ မှာထားရတဲ့ ဆိုင်မှာ သွားသောက်ချင်တာပါ၊ အခု ကျွန်တော့်မှာ ကား မရှိသေးလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၂၉။ မလိုသေးလို့

စိုးရိမ်သောက ကြီးစွာနှင့် အိမ်ခြေယာမဲ့ တစ်ယောက်သည် ဆေးခန်းတစ်ခုသို့ ရောက်လာလေသည်။

'ဆရာ ဆရာ လုပ်ပါဦး၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ငွေဒင်္ဂါး မြိုချမိလို့ပါ'

'ဘာဗျ၊ ငါးနှစ်လောက်က မြိုချမိတာ အခုမှ လာရသလား၊ အဲဒီတုံးက ဘာဖြစ်လို့ သွားမပြတာလဲ'

'အမှန်ပြောရရင်တော့ ဆရာ၊ အဲဒီတုန်းက အဲဒီငွေကို ကျွန်တော်မှ မလိုသေးတာကိုး'

📖

## ၃၀။ ဘာသာဗေဒပညာရှင်များ

အီတလီစစ်သားများကို ဘာသာဗေဒပညာရှင်များဟု အသိအမှတ်ပြုထားကြလေသည်။ အဘယ်ကြောင့်ဆိုသော် 'လက်နက်ချပါတယ်' ဆိုသော စကားကို ဘာသာစကား ၅၇ မျိုးနှင့် ပြောတတ်၍ ဖြစ်သည်။

📖

www.burmeseclassic.com

www.burmeseclassic.com




## ၂၁။ လေထီးစစ်သား

အီတလီလူမျိုးများထဲ၌ လေထီးစစ်သား တစ်ယောက်မျှ မရှိပေ။ အကြောင်းမှာ အီတလီလူမျိုးများသည် အမှတ်စဉ် ၁၀ ထိအောင် ရေတွက်တတ်သူ တစ်ယောက်မျှ မရှိ၍ ဖြစ်သည်။

## ၂၂။ ကျွန်တော်ကလဲ

မူးယစ်ဆေးဝါးများကို ရောင်းချသူ တစ်ယောက်သည် မိန်းကလေးများနှင့် မကောင်းမှု လုပ်ကိုင်စားသော အိမ်၌ သွားရောက်၍ ရောင်းချနေလေရာ ထိုအိမ်ကို ရဲများ ဝင်ရောက် ဖမ်းဆီးရာတွင် ထိုသူကိုပါ တပါတည်း ဖမ်းလာခဲ့လေသည်။

ညတွင်းချင်းပင် ရုံးတင်စစ်ဆေးရာ တရားသူကြီးက ပထမ မိန်းကလေးတစ်ယောက်ကို စစ်မေးလေသည်။

'မင်းက ဘာများ ပြောချင်သေးသလဲ'

မိန်းကလေးသည် တရှုံ့ရှုံ့ ငိုပြီး ပြောလိုက်သည်။

'တရားသူကြီး ရှင့် ကျွန်မကို မတရား ဖမ်းဆီးလာတာပါ၊ တကယ်တော့ ကျွန်မဟာ အကြိုချုပ်တဲ့သူပါ၊ မဟုတ်တာ လုပ်တဲ့သူ မဟုတ်ပါဘူး'

တရားသူကြီးသည် ခေါသတကြီးနှင့် ကျိန်းမောင်း၍ ပြောလိုက်သည်။

'လိမ်ညာပြောတာကို ငါ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး၊ ဒီတော့ မင်းကို ထောင်ဒဏ် ရက် ၃၀ ချလိုက်တယ်'

ဒုတိယ တစ်ယောက်ကို စစ်မေးသည့်အခါ သူကလည်း ငိုယို၍ ပြောပြန်သည်။

'ကျွန်မကို မှားယွင်းပြီး ဖမ်းလာတာပါ၊ ကျွန်မက သူငယ်ချင်းတွေလို မဟုတ်ပါဘူး၊ မိန်းမဆောင်း ဦးထုပ်ရောင်းတဲ့သူပါ'

တရားသူကြီးလဲ စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

'အေး၊ ဒါဆိုရင် မင်းလဲ ထောင်ဒဏ် ရက် ၃၀ ပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



တတိယ တစ်ယောက်ကမူ တရားသူကြီးကို ကြည့်၍ ရဲရဲဝံ့ဝံ့နှင့် ပြောလိုက်သည်။

'တရားသူကြီးရှင့် ကျွန်မ အမှန်အတိုင်း အစစ်ခံပါမယ်၊ ကျွန်မဟာ အကျီ ရောင်းတဲ့ သူလဲ မဟုတ်ပါဘူး၊ ဦးထုပ် ရောင်းတဲ့ သူလဲ မဟုတ်ပါဘူး၊ ကျွန်မဘဝဟာ မကောင်းပါဘူး၊ အဲဒီအတွက် ကျွန်မ ဝမ်းနည်းပါတယ်၊ တကယ်တော့ ကျွန်မဟာ ပြည့်တန်ဆာ တစ်ယောက်ပါ'

တရားရုံး တစ်ခုလုံး ငြိမ်သက်သွားလေသည်။ တရားသူကြီးလည်း ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်သည်။

'ဒီမှာ မိန်းကလေး နားထောင်၊ မင်းရဲ့ ရိုးသားစွာ ပြောဆိုမှုကြောင့် မင်းကို အရေးမယူဘဲ လွှတ်လိုက်မယ်၊ နားလည်လား'

ထိုနောက် မှုးယစ်ဆေးဝါး ရောင်းသူကို စူးစူးဝါးဝါး ကြည့်၍ မေးလိုက်သည်။

'ကဲ၊ မင်းကရော ဘာပြောချင်သေးသလဲ'

ထိုသူသည် မတ်တပ်ထ၍ တရားသူကြီးကို ကြည့်ပြီး ခပ်အေးအေးပင် ပြောလိုက်လေသည်။

'တရားသူကြီး ခင်ဗျား၊ ကျွန်တော်လဲပဲ ပြည့်တန်ဆာ တစ်ယောက်ပါ'

📖

## ၃၃။ လူနာတော့...



ဆရာဝန်တစ်ဦးသည် အိမ်တစ်အိမ်သို့ ရောက်လာပြီး အမျိုးသမီး လူနာတစ်ယောက်အား လာကြည့်လေသည်။ ခဏကြာသောအခါ ဆရာဝန်သည် လူနာအခန်းမှ ထွက်လာပြီး ဝက်အူလှည့် တစ်ချောင်းကို လူနာ၏ ခင်ပွန်းသည်ထံမှ တောင်းလေသည်။ နောက်ထပ် ငါးမိနစ်ခန့်ကြာသော် ပြန်ထွက်လာပြီး ဖောက်တံ တစ်ချောင်းကို တောင်းပြန်လေသည်။ သို့သော် မိနစ်အနည်းငယ်ခန့် အကြာတွင် ဆရာဝန်ဖြစ်သူလည်း ပြန်ထွက်လာပြီး ဆောက်နှင့်တူတစ်ချောင်းကိုတောင်းပြန်သည်။

စိုးရိမ်ပူပန်လျက် ရှိသော ခင်ပွန်းသည်က မနေနိုင်တော့ဘဲ ဆရာဝန်အား မေးလိုက်လေ၏။

'ဆရာ ကျွန်တော့် ဇနီး အခြေအနေက ဘယ်လို ဖြစ်နေသလဲ ဟင်'

'ကျွန်တော် မပြောနိုင်သေးဘူးဗျ၊ အခုထိ ကျွန်တော် ဆေးအိတ်က ဖွင့်လို့ မရသေးဘူး ဖြစ်နေတယ်'

📖

www.burmeseclassic.com

www.burmeseclassic.com



## ၃၄။ ကလေးတွေရဲ့

အမျိုးသမီး တစ်ဦးသည် ည ည အပြင်ထွက် လည်လေ့ ရှိသော သူ့ခင်ပွန်းသည်အား မကျေမနပ် ဖြစ်လျက် ရှိသည်။ ပို၍ ဒေါသထွက်ရသည့် အကြောင်းလည်း ရှိလေသည်။ ယင်းမှာ ခင်ပွန်းဖြစ်သူက အပြင်ထွက်ခါနီးတွင် ဇနီး ဖြစ်သူအား 'ကဲ၊ သွားလိုက်ဦးမယ် ကလေးသုံးယောက် အမေကြီးရေ' ဟု ပြော၍ ထွက်သွားသောကြောင့်ဖြစ်သည်။

တစ်ညတွင် ခင်ပွန်း ဖြစ်သူက အပြင် ထွက်ရန် ဦးထုပ်ဆောင်းပြီး တံခါးဝ အရောက်တွင် ထုံးစံအတိုင်း ဇနီးသည်ကို နှုတ်ဆက်လိုက်သည်။

'သွားပြီဟေ့၊ ကလေး သုံးယောက် အမေကြီး ရေ'

သို့နှင့် သည်းမခံနိုင်တော့သည့် ဇနီးသည်ကလည်း ပြန်၍ ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်လိုက်သည်။

'သွားပေဦးတော့ ကလေးတစ်ယောက် အဖေကြီးရေ'

ထိုအခါမှ စ၍ ထိုသူသည် ည ညများတွင် အပြင်သို့ ထွက်၍ မလည်တော့ပေ။



## ၃၅။ သူပြောတာက

ကြောက်ကြောက်လန့်လန့် ခွဲစိတ်ခန်းထဲမှ ထွက်ပြေးလာသော လူနာတစ်ယောက်အား ဆေးရုံအုပ်ကြီးက မေးလိုက်သည်။

'ခင်ဗျား ဘာဖြစ်လို့ ခွဲစိတ်ခန်းထဲကနေ ထွက်ပြေးရတာလဲ'

'သူနာပြု ဆရာမက မကြောက်နဲ့၊ အူအတက်ပေါက်တယ်ဆိုတာ စိုးရိမ်စရာ မရှိပါဘူးလို့ ပြောလို့ပါ'

'အေးလေ၊ အဲဒီလို ပြောတာ ဘာဖြစ်သလဲ'

'သူနာပြုဆရာမက ကျွန်တော့်ကို ပြောတာ မဟုတ်ဘူး၊ ဆရာဝန်ကို ပြောနေတာ ခင်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

## ၃၆။ အပြစ်ပေးတာ

သာယာသော တစ်ခုသော တနင်္ဂနွေနေ့ နံနက်တွင် ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးသည် နေမကောင်းချင်ဟန်ဆောင်၍ ဘုရားကျောင်းသို့ မသွားဘဲ ဂေါ့ဖ်ကွင်း တစ်ခုသို့ သွား၍ ဂေါ့ဖ်ကစားရန် သွားလေသည်။

မြို့နှင့် မိုင်လေးဆယ်ခန့်တွင် ရှိသော ဂေါ့ဖ်ကွင်းသို့ ရောက်သောအခါ မြို့သူမြို့သားများလည်း သူ့အား မတွေ့ မမြင်နိုင်တော့သဖြင့် ဂေါ့ဖ်ရိုက်ရန် ပြင်ဆင်တော့သည်။

ထိုအခါ စိန့်ပီတာက ဘုရားသခင်အား ပြောလိုက်သည်။

'အရှင်ဘုရား သူ့ကို ဒီအတိုင်း ကြည့်နေတော့မှာလား'

ဘုရားသခင်က ခေါင်းယမ်းပြလိုက်သည်။

ထိုဘုန်းတော်ကြီးလည်း ပထမဆုံး ကျင်းဖြစ်သည့် ကိုက် ၄၂၀ ကွာဝေးသော ကျင်းကို စတင်ရိုက်လိုက်ရာ တစ်ချက်တည်းနှင့် ကျင်း ဝင်သွားလေသည်။

စိန့်ပီတာလည်း တအံ့တသြနှင့် ဘုရားသခင်အား မေးလိုက်သည်။

'ဒါဟာ အရှင်ဘုရားက သူ့ကို အပြစ်ပေးလိုက်တာပေါ့၊ ဟုတ်လား'

'ဟုတ်တယ်လေ၊ သူ အခုလို ရိုက်နိုင်တာ ဘယ်သူ့ကို သွားပြောမလဲ'

📖

## ၃၇။ မွေးနေ့လက်ဆောင်

ဂျွန်ဆင်သည် မိတ်ဆွေတစ်ဦးအား သူ၏ ရည်းစားအတွက် ဝယ်လာသော လှပသော မွေးနေ့လက်ဆောင် လက်စွပ်ကို ထုတ်ပြနေသည်။ ထိုအခါ မိတ်ဆွေဖြစ်သူက ပြောလိုက်သည်။

'မင်းကောင်မကလေး လိုချင်တဲ့ မွေးနေ့လက်ဆောင်က မော်တော်ကား တစ်စီးလို့ ငါ ထင်ထားတာကွ'

'အေး ဟုတ်ပါတယ်၊ ဒါပေမယ့် မော်တော်ကား အတုက ဘယ်မှာ သွားရှာလို့ ရမှာလဲ သူငယ်ချင်းရ'

📖

www.burmeseclassic.com

www.burmeseclassic.com




## ၃၈။ ကြိုက်တာယူဆိုလို့

မော်တော်ဆိုင်ကယ် အသစ်တစ်စီးကို စီးလာသော မိတ်ဆွေ တစ်ဦးကို တွေ့သဖြင့် တစ်ယောက်က မေးလိုက်သည်။

'မင်း ဒီမော်တော်ဆိုင်ကယ်ကြီးကို ဘယ်က ရလာတာလဲ ဟင်'

'ဒီလိုကွ၊ ငါ အလုပ်လုပ်နေတုံးမှာ သိပ်ကို ချောတဲ့ ကောင်မကလေးတစ်ယောက် အဲဒီ မော်တော်ဆိုင်ကယ်ကြီးနှင့် ရောက်လာပြီး၊ ငါ့အနားလဲ ရောက်ရော ထိုးရပ်လိုက်ပြီး မော်တော်ဆိုင်ကယ်ကို မြေကြီးတွန်းလှဲလိုက်တယ်၊ ပြီးတော့ သူ့ ကိုယ်ပေါ်က အဝတ်အစားတွေကိုလဲ ဆုတ်ဖြဲပစ်လိုက်ပြီး ရှင် ကြိုက်တာ ယူပါလို့ ပြောတယ်ကွ'



ထိုအခါ မေးလိုက်သူက ပြန်ပြောလိုက်သည်။

'အေးပေါ့ကွာ၊ ဆုတ်ဖြဲ သွားတဲ့ အဝတ်အစားတွေက သုံးလို့မှ မရတော့တာ၊ အခုလို မင်း ရွေးလိုက်တာ မှန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၃၉။ ဘာလုပ်မလဲ

ရဲအရာရှိတစ်ယောက်သည် ရဲသားအဖြစ် အလုပ်လာလျှောက်သော လူတစ်ယောက်အား တွေ့ဆုံမေးမြန်းနေလေသည်။

'ကဲ ကွာ၊ ညတစ်ညမှာ မင်း တစ်ယောက်တည်း လမ်းပေါ်မှာ ရဲကားတစ်စီးနှင့် ကင်းလှည့်နေတုံးမှာ မင်းနောက်ကို လူဆိုးတွေက တစ်နာရီကို မိုင် တစ်ရာနှုန်း မောင်းပြီး လိုက်လာပြီဆိုပါတော့ မင်း ဘာဆက်လုပ်မလဲ'

'ကျွန်တော့် ကားကို တစ်နာရီ မိုင် တစ်ရာ့တစ်ဆယ်နှုန်း မောင်းလိုက်ပါမယ် ခင်ဗျာ'

📖

## ၄၀။ ဆံပင်ပုံ ပြောင်းသွားတာက

ပါတီပွဲ တစ်ခုတွင် အမျိုးသမီးတစ်ယောက်သည် မိတ်ဆွေဟောင်းတစ်ယောက်ကို သူ့ဇနီးသည်နှင့်အတူ တွေ့သဖြင့် စကားစမြည် ပြောဆိုလျက် ရှိလေသည်။ ထိုမိတ်ဆွေ၏ ဇနီးဖြစ်သူက အစားအသောက်များ သွားယူနေစဉ် အမျိုးသမီးက ယောကျ်ားကလေး မိတ်ဆွေကို ပြောလိုက်သည်။

'နင့် အမျိုးသမီးက ဆံပင်ပုံစံ ပြောင်းလိုက်တော့ လူပုံပါ ပြောင်းသွားတာ၊ ငါ မှတ်တောင်မှ မမှတ်မိတော့ဘူးဟ'

'ဆံပင်ပုံကြောင့် မဟုတ်ဘူးဟ၊ ဒါက နောက်မိန်းမ တစ်ယောက်မို့ပါ'

📖

www.burmeseclassic.com

www.burmeseclassic.com



## ၄၁။ အတုတုပဲ ထင်တယ်

နံနက်စောစော တစ်ရက်၌ နို့ပုလင်းများ လာပို့သူသည် အိမ် တစ်အိမ်၏ တံခါးခေါင်းလောင်းကို နှိပ်လိုက်သည်။ ထိုအိမ်မှ အိမ်ရှင်မမှာ အိပ်မော ကျလျက် ရှိပြီး ယောက်ျား ဖြစ်သူက နိုးလာရာ အိပ်ရာနံဘေးတွင် ရှိသော ဇနီးသည်၏ ကီမိုနို အင်္ကျီကို ယူဝတ်ပြီး တံခါးသွားဖွင့်လေ သည်။ နို့ပို့သူသည် သူ့အား နို့နှစ်ပုလင်းပေးကာ ဖက်၍ နမ်းလိုက်ပြီး ထွက်သွားလေသည်။

ယောက်ျားဖြစ်သူသည် တပြုံးပြုံးနှင့် အိမ်ခန်းထဲ ပြန်ဝင်လာရာ အိပ်ရာမှ နိုးနေသော ဇနီးသည်က မေးလိုက်သည်။



'ရှင် ဘာဖြစ်လို့ ဒီလောက်တောင် သဘောကျနေရတာလဲ'

'အတော့်ကို ရယ်စရာကောင်းလို့ပါ၊ ငါက နို့ပုလင်း သွားယူ တော့ မင်းရဲ့ ကီမိုနို အင်္ကျီကို ကောက်ဝတ်သွားတယ်လေ၊ အဲဒီမှာ ဒီကောင်က ငါ့ကို ဖက်နမ်းတယ်ကွ၊ ဒီအကောင့်မိန်းမမှာလဲ မင်းလို ကီမိုနိုအင်္ကျီမျိုး ရှိလိမ့်မယ်လို့ ငါ တွေးမိလို့ကွ'

www.burmeseclassic.com

www.burmeseclassic.com



## ၄၂။ တန်ရဲ့လား

တစ်ညဘွင် လူငယ်ကလေးတစ်ယောက်သည် သူ၏ ချစ်သူ ရည်းစားအား အိမ်ခေါ်လာပြီး သူ့မိဘများနှင့် တွေ့ဆုံ ပေးလေသည်။ မကြာမီ မိဘများလည်း ချစ်သူနှစ်ယောက် လွတ်လွတ်လပ်လပ် စကားပြောနေရစ်ကြဟု ဆိုကာ အိမ်ပေါ် တက်သွားလေ၏။

လူငယ်ကလေးက သူ၏ ချစ်သူအား ကပ်ကာ မေးလိုက်သည်။

'အချစ်ရေ ကိုယ် အခန်းမီး ပိတ်လိုက်ရင် မင်း စိတ်မဆိုးပါဘူးနော်'

'မဆိုးပါဘူး အစ်ကိုရဲ့'

'မျက်နှာကျက်က မီးပိတ်လိုက်ရင်ကော ဟင်'

'ဟင့်အင်း'

'ဒါဆိုရင် ကိုယ်တို့ ခုံနံဘေးက မီးပိတ်လိုက်ရင်ကော စိတ်ဆိုးဦးမှာလား'

'ရပါတယ်၊ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ အစ်ကိုကလဲ'

သို့နှင့် တစ်ခန်းလုံး မှောင်အတိ ဖြစ်သွားပြီးနောက် လူငယ်ကလေးက သူ့ချစ်သူအား ပြောလိုက်လေသည်။

'ဟိုနံရံမှာ ချိတ်ထားတဲ့ အနုမြူမီးနဲ့ နာရီက ခြောက်ဒေါ်လာ တန်တယ်လို့ မင်း ထင်သလား ဟင်'

📖



## ၄၃။ ထူးတော့ ထူးတယ်

သူငယ်ချင်းနှစ်ယောက်သည် ဆိုင်တစ်ဆိုင်တွင် စားသောက်နေရင်း စကားလက်ဆုံကျလျက် ရှိ၏။ တစ်ယောက်က မေးလိုက်သည်။

'ဆမ်၊ မင်း မိန်းမရော နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ဒါပေမယ့် ငါ့မိန်းမက တစ်ခုတော့ ထူးဆန်းတယ်ကွ'

'ဘာထူးဆန်းတာလဲ'

'သူက ငါ့ကို ဆမ်ရေ ဒေါ်လာ ၅၀၀ လောက် ပေးပါဦး၊ ဒေါ်လာ ၁၀၀၀ ပေးပါဦး၊ ဆမ်ရေ ကျွန်မတော့ ဒေါ်လာ ၂၅၀ လောက်

www.burmeseclassic.com

www.burmeseclassic.com



ရုံမှ ဖြစ်မယ်၊ ဒေါ်လာ ၁၀၀ အရေးတကြီး လိုနေတယ်လို့ အမြဲတန်းပဲ ပြောတယ်ကွ'

'ဟာ နေစမ်းပါဦး၊ မင်းမိန်းမက ဒီငွေတွေ ဘာလုပ်ပစ်သလဲ ဟင်'

'ဒါတော့ ငါလဲ မသိပါဘူးကွာ၊ ငါကလဲ တစ်ခါမှ မပေးဖူးဘူး'

## ၄၄။ ဒါကြောင့်

လူတစ်ယောက်သည် အလွန်တရာမှ ချောမော လှပသော မိန်းကလေး တစ်ယောက်နှင့် စေ့စပ်ထားရာ များမကြာမီတွင် ထိုအမျိုးသမီးနှင့် စေ့စပ်ကြောင်းလမ်းထားခြင်းကို ဖျက်သိမ်းလိုက်သဖြင့် မိတ်ဆွေ ဖြစ်သူမှာ အံ့သြသွားပြီး သတင်း သွားမေးလေသည်။

ထိုအခါ သူငယ်ချင်း ဖြစ်သူက ဤသို့ ရှင်းပြလေသည်။

'ဒီလိုကွ၊ တစ်ညနေတော့ ငါက သူရဲ့ အခန်းကို သွားလည်တယ်၊ အဲဒီမှာ သူ့အခန်းထဲက ဆေးလိပ်ပြာခွက်ထဲမှာ ဘာ သွားတွေ့သလဲ သိလား၊ သိပ်ကို ဈေးကြီးတဲ့ အကောင်းစား ဆေးပြင်းလိပ် သုံးလိပ်ကို တွေ့ရတယ်ကွ၊ အဲဒီ ဆေးပြင်းလိပ်တွေက သောက်လက်စ၊ တစ်ဝက်တောင် မကုန်တတ်သေးဘူး'

'အော် ဒီလိုလား၊ အေးလေ ဒါမျိုးဆိုတော့လဲ ဘယ် ခွင့်လွှတ်နိုင်ပါ့မလဲ၊ မင်းကို ငါ အပြစ်မတင်ပါဘူး'

'မင်း ပြောတာ မဟုတ်သေးဘူးကွ၊ မင်း သိပါတယ်၊ ဒီလောက် စည်းမဲ့ကမ်းမဲ့ အသုံးအဖြုန်းကြီးတဲ့ လူမျိုးကို ငါ ဘယ်လို တတ်နိုင်မှာလဲ'






## ၄၅။ ဓားစာခံ

စာအုပ်ထုတ်ဝေရေး ကုမ္ပဏီကြီး တစ်ခုသို့ ညတစ်ညတွင် လူဆိုး တစ်ယောက်သည် ဖောက်ထွင်း ဝင်ရောက်ပြီး ရွှေဟောင်း ကြေးမုံပြင် တစ်ခုနှင့် အရှေ့တိုင်းဖြစ် ကော်ဇော တစ်ချပ်ကို ခိုးယူသွားလေသည်။ ထိုသို့ ခိုးယူသွားပြီး ရက်အနည်းငယ်ခန့် ကြာသောအခါ ထိုစာအုပ်ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဖြစ်သူထံသို့ တယ်လီဖုန်း ဆက်လာလေသည်။ ဆက်သူမှာ ဖောက်ထွင်းခိုးသူ ကိုယ်တိုင် ဖြစ်လေသည်။ ထိုသူက ဥက္ကဋ္ဌအား ဤသို့ ပြောလိုက်လေသည်။

'ကျွန်တော် ရေးထားတဲ့ စာမူကို လက်ခံ ဖတ်ရှုမယ်လို့ လူကြီးမင်းတို့က ကတိပေးရင် လူကြီးမင်းတို့ဆီက ခိုးယူထားတဲ့ ကြေးမုံပြင်နဲ့ ရွှေဟောင်း ကော်ဇောကို ပြန်ပေးပါမယ်'

www.burmeseclassic.com

www.burmeseclassic.com

## ၄၆။ ဟာသဆိုတာ

တစ်ခါက ဘဏ်တိုက်သူဌေးကြီး တစ်ဦးဖြစ်သူ ဟင်နရီ ဒီ ရော့ခ်ချိုင်းသည် စာရေးဆရာကြီး ထရက်ဆင် ဘားနတ်နှင့် တွေ့ဆုံမိကြလေသည်။ ထိုအခါ ဘဏ်သူဌေးကြီးက စာရေးဆရာကြီးကို ပြောလိုက်သည်။

'ဆရာကြီးဟာ ဟာသဉာဏ် သိပ်ရှိတယ်လို့ နာမည်ကြီးပါတယ်၊ အခု ကျွန်တော့်ကို ရယ်စရာ ဟာသတစ်ခုလောက် ပြောပြပါလား ခင်ဗျာ'

ထိုအခါ စာရေးဆရာကြီးက ချက်ချင်း ပြောလိုက်သည်။

'ခင်ဗျားဟာ အတော်ကို ချမ်းသာတဲ့ လူတစ်ယောက်လို့ လူတွေက ပြောနေကြတယ်၊ ဒီတော့ ကျွန်တော့်ကို ငွေ တစ်သိန်းလောက် ချေးပါလား ဟင်'



## ၄၇။ ဖလင်က

နယူးယောက်မြို့တွင် 'ရှက်သစ် တစ်ရွက်' အမည်ရှိ ရုပ်ရှင်ကား တစ်ကားကို ရိုက်ကူးလျက် ရှိရာ ရုပ်ရှင်ဝါသနာအိုးတစ်ယောက်သည် ထိုဓာတ်ကား ရိုက်ကူးနေသည့် နေရာသို့ ရောက်လာပြီး သူ့တွင် ပါလာသည့် ကင်မရာဖြင့် ရုပ်ရှင် မင်းသမီးနှင့် မင်းသားတို့ကို အမှတ်တရ ဓာတ်ပုံ ရိုက်လေသည်။ ထိုအခါ မင်းသမီး ဖြစ်သူက ထိုသူကို နောက်ပြောင်လိုသဖြင့် ပြောလိုက်သည်။

'ရှင့် ကင်မရာထဲက ဖလင်က ရောင်စုံလား၊ အဖြူ အမည်းလား'

www.burmeseclassic.com

www.burmeseclassic.com



'အဖြူအမည်းပါ'

'ဒါဆိုရင် ရှင် ဓာတ်ပုံ ရိုက်တာ ဘာမှ ထူးမှာ မဟုတ်ဘူး၊ ကျွန်မတို့ အခု ရိုက်နေတဲ့ ဓာတ်ကားက ရောင်စုံရှင့်'

ထိုအခါ ဓာတ်ပုံရိုက်ရန် ပြင်ဆင်နေသူသည် သူ၏ ကင်မရာကို အိပ်ထဲပြန်ထည့်ကာ ကျေးဇူးတင်ကြောင်း ပြော၍ ကားပေါ်တက်ကာ မောင်းထွက်သွားလေသည်။

## ၄၈။ နာမည်ကြောင့်လား

လူတစ်ယောက်သည် သူ့ဇနီးသည် မီးဖွားသည့် အကြောင်းကို ပြောပြလျက် ရှိသည်။

'ကျွန်တော့်ဇနီးသည်က သူ မျက်နှာမမြင်ခင် 'ဒုက္ခတွေ နှစ်ခါ တွေ့ရတယ်' ဆိုတဲ့ စာအုပ် ဖတ်မိတယ်ဗျ၊ အဲ မွေးလဲ လာရော နှစ်မြွှာပူး မွေးတော့တာပဲ'

ထိုအခါ နောက်တစ်ယောက်က ပြောပြန်လေသည်။

'ဒါ ဘာဟုတ်သေးသလဲဗျး ကျွန်တော့်ဇနီးကမှဗျာ၊ သူ ကလေးမမွေးခင် 'သူရဲကောင်း သုံးယောက်' စာအုပ် ဖတ်မိပါတယ်၊ မွေးလဲ လာရော သုံးမြွှာပူးမွေးတော့တာပါပဲ'

ထိုအခါ ကျန်တတိယ တစ်ယောက်က ထိတ်လန့်တကြားနှင့် ပြောလိုက်လေသည်။

'ဟာ ဒါဆိုရင် ကျုပ်တော့ ဒုက္ခတွေ့တော့မယ်ဗျို့၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ် မိန်းမက ကိုယ်ဝန်ကြီး နေ့စေ့ လစေ့နဲ့၊ အခု သူက 'အလီဘာဘာနဲ့ ခိုးသားလေးဆယ်' စာအုပ် ဖတ်နေတယ်ဗျ၊ ကျုပ်တော့ အိမ်အမြန် ပြန်မှ ဖြစ်တော့မယ်ဗျို့'

www.burmeseclassic.com

www.burmeseclassic.com



## ၄၉။ တိတ်တိတ်ကလေး

လူငယ်စာရေးဆရာ တစ်ယောက်သည် စာပေဟောပြောပွဲ အတွေ့အကြုံ မရှိသဖြင့် ပြင်သစ် စာရေးဆရာကြီး ဘားနတ်ဆိုသူအား ဆရာတင်၍ မေးမြန်းနေလေသည်။

‘ဆရာကြီး ခင်ဗျာ၊ မိမိဟောပြောနေတာတွေကို နောက်ဆုံးမှာ ဘယ်လို နိဂုံးချုပ်ရပါသလဲ ခင်ဗျာ’

‘လွယ်ပါတယ်ကွာ၊ နိဂုံးချုပ်တော့မယ် ဆိုရင် မင်းရဲ့ စာရွက်စာတမ်းတွေကို အသာအယာ အရင် ကောက်ယူလိုက်ပါ၊ ပြီးတော့ ပရိသတ်ကို ဦးညွှတ် နှုတ်ဆက်ပြီး အသာကလေး အသံ မကြားအောင် ခြေဖျားထောက်ပြီး အခန်းထဲက ထွက်သွားပေတော့’

‘ဘာဖြစ်လို့ ခြေဖျားထောက်ပြီး ထွက်သွားရမှာလဲ ခင်ဗျာ’

‘အိပ်ပျော်နေတဲ့ ပရိသတ်တွေ နိုးသွားမှာ စိုးလို့ပေါ့ကွာ’

## ၅၀။ ဇာတ်သိမ်းက ဘယ်လိုလဲ

တစ်နေ့ မနက်တွင် ကျွန်မသည် အိမ်အလုပ်များ လုပ်နေရာ တယ်လီဖုန်းအသံ မြည်လာသဖြင့် သွား၍ ကိုင်လိုက်ပါသည်။ တစ်ဖက်မှ အမျိုးသမီးက ဤသို့ ပြောလာလေသည်။

‘ဒီလိုပါ ရှင်၊ ကျွန်မ ဒီအနီးအနားမှာ နေပါတယ်၊ အခု ကျွန်မ သိချင်တာ တစ်ခု ရှိလို့ပါ၊ ညက ကိစ္စတစ်ခုရှိလို့ ရုပ်မြင်သံကြားက ညတိုင်းပြနေတဲ့ အခန်းဆက် ဇာတ်လမ်းက ဇာတ်သိမ်းပိုင်းကို ကျွန်မ မကြည့်ဖြစ်လိုက်ဘူး၊ အဲဒါ မင်းသားနဲ့ မင်းသမီး နောက်ဆုံး ရသွားသလား၊ မရဘူးလား ဆိုတာ သိချင်လို့ပါ’

ထို့ကြောင့် ကျွန်မလည်း သူ သိချင်သည့် အကြောင်းအရာကို ပြောပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၅၁။ မေ့သွားလို့

ကျွန်တော့် ဖခင်ကြီးမှာ ပန်းချီ ဝေဖန်ရေးဆရာတစ်ယောက် ဖြစ်လေသည်။ သို့သော် ဖခင်ကြီးမှာ အလွန် မေ့တတ်သူ ဖြစ်လေသည်။ တစ်နေ့တွင် ဖခင်ကြီး စာအုပ်ဆိုင်တစ်ဆိုင်သို့ ရောက်သွားပြီး ပန်းချီ ဝေဖန်ရေး စာအုပ်တစ်အုပ်ကို တွေ့၍ ဝယ်လာလေသည်။ သို့နှင့် အိမ်ရောက်သောအခါ ထိုစာအုပ်အား ဖတ်ရန် ကြည့်လိုက်သော အခါ ကျမှ မိမိကိုယ်တိုင် ရေးသားခဲ့သော စာအုပ် ဖြစ်နေသည်ကို သိရလေတော့သည်။




## ၅၂။ ဖတ်နေတာ မဟုတ်ပါ

ကျွန်တော်သည် ကားဂိတ်တွင် ကတ်ဆက်ကို ဖွင့်၍ နားကြပ်တို တပ်၍ နားထောင်နေပြီး လက်ထဲကလဲ သတင်းစာကို ဖွင့်၍ ဖတ်နေစဉ် လူတစ်ယောက်သည် ကျွန်တော့် ခေါင်းနှင့် ထိလု မတတ် တိုးလာပြီး ကျွန်တော် ဖတ်နေသော သတင်းစာကို လိုက်ဖတ်နေသည် ထင်သဖြင့် ကျွန်တော်က စိတ်ဆိုးဆိုးနှင့် ပြောလိုက်သည်။

'ခင်ဗျားဟာ တစ်ခြား လူတစ်ယောက်ကို အနှောက်အယှက် ဖြစ်အောင် လုပ်နေတာပဲ၊ ဒီလောက်တောင် သတင်းစာဖတ်ချင်ရင်လဲ ရော့၊ ဟောဒီမှာ ပိုက်ဆံယူသွား၊ ကိုယ့်ဖာသာကိုယ် ဝယ်ပြီး ဖတ်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုသူက ပြာပြာသလဲ ကျွန်တော့်ကို တောင်းပန်စကား ပြောလိုက်လေသည်။

'ခင်ဗျား သတင်းစာကို လိုက်ဖတ်နေတာ မဟုတ်ပါဘူး၊ ကျွန်တော့် အကြိုက်ဆုံး သီချင်း ဖွင့်နေတာ ကြားလို့ နားထောင်နေတာ ပါဗျာ'

## ၅၃။ သေသွားလို့

ကျွန်မ၏ ခင်ပွန်းသည် သူ့ပထမဆုံး ဓာတ်ညွှန်းကို လက်ခံ ရေးသား ရလေသည်။ ဓာတ်မှာ စုံထောက်ဓာတ်လမ်း ဖြစ်သည်။ တစ်နေ့တွင် ခင်ပွန်းသည် ဓာတ်ညွှန်းကို ရေးသားနေရင်းက မျက်ရည် ကျနေသည်ကို တွေ့သဖြင့် ကျွန်မက မေးလိုက်သည်။

'မောင်၊ ဘာဖြစ်လို့လဲ ဟင်'

'ဒေးဗစ် သေသွားပြီလေ'

ဒေးဗစ်ဆိုသူမှာ သူ့ဓာတ်လမ်းထဲက အဓိက ဓာတ်ကောင် ဖြစ်လေသည်။

'ဩော် မောင်ရယ်၊ ဒါက မောင့်ဓာတ်လမ်းပဲ၊ ဘယ်နေရာ ရောက်ရင် ဘယ်လို ဖြစ်မယ်ဆိုတာ မောင် မသိဘူးလား၊ နေပါဦး ဒေးဗစ်က ဘယ်လို သေသွားတာလဲ'

'မောင် သတ်လိုက်လို့ပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



## ၅၄။ သိသွားလို့

လူတစ်ယောက်သည် သူ့မိတ်ဆွေတစ်ဦးအား စိတ်ပျက်လက်ပျက်နှင့် ပြောပြနေလေသည်။

'ငါ့မှာ အားလုံး ရှိခဲ့တယ်ကွ၊ ပိုက်ဆံတွေရော၊ ကြီးကျယ်ခမ်းနားတဲ့ အိမ်တစ်လုံးရော၊ အကောင်းဆုံး မော်တော်ကားနှင့် ချောမောလှပတဲ့ မိန်းမတစ်ယောက်ရောပေါ့၊ ကံဆိုးပါတယ်၊ အခုတော့ အားလုံး မရှိတော့ဘူး'

'ဘယ်လို ဖြစ်လို့လဲ ဟင်'

'ငါ့မိန်းမ သိသွားလို့လေ'

## ၅၅။ ဘယ်လို သယ်ရမှာလဲ

စိတ်ရောဂါကု ဆရာဝန်ထံသို့ လူတစ်ယောက် ရောက်လာပြီး ပြောလေသည်။

'ဆရာ၊ ကျွန်တော် အတော့်ကို စိတ်ပူပန်နေရပါတယ်၊ ကျွန်တော့် မိန်းမက သူ့ကိုယ်သူ စန္ဒရားကြီး တစ်ခုလို့ ထင်နေလို့ပါ'

'ကောင်းပြီလေ၊ သူ့ကို ကျွန်တော်ဆီကို ခေါ်ခဲ့ပါ၊ ကျွန်တော် ဘာဖြစ်တယ်ဆိုတာ ကြည့်ပေးပါမယ်'

'ဟာ ဆရာကလည်း မနောက်ပါနဲ့ဗျာ၊ ဆရာ့ ဓာတ်လှေကားကျဉ်းကျဉ်းကလေးထဲကို စန္ဒရားကြီး ဘယ်လိုလုပ် သွင်းလို့ရမှာလဲ ဆရာရဲ့'

www.burmeseclassic.com

www.burmeseclassic.com




## ၅၆။ တစ်နှစ်လုံး ဆိုရင်

တက္ကသိုလ်တစ်ခုသို့ အဆောင်နေ ကျောင်းသားသစ်အဖြစ် ရောက်လာသော ကျောင်းသားတစ်ယောက်အား အဆောင်နေ စည်းကမ်းများကို ပြောပြလျက်ရှိသည်။

'အဆောင်နေ ကျောင်းသားများသည် ကျောင်းသူများ နေထိုင်ရာ အဆောင်ဖက်သို့ မသွားရ၊ ထို့အတူ အဆောင်နေ ကျောင်းသူများသည်လည်း ကျောင်းသားများအဆောင်ဖက်သို့ မသွားရ၊ ထိုစည်းကမ်းချက် ဖောက်ဖျက်သူ မည်သူမဆို ပထမ အကြိမ်ဆိုလျှင် ဆယ် ဒေါ်လာ



ဒဏ်ရိုက်ခံရမည်၊ ဒုတိယ အကြိမ် ဖောက်ဖျက်ပါက ဒေါ်လာ အစိတ် ဒဏ်ကြေးပေးရမည် ဖြစ်သည်၊ တတိယအကြိမ်ဆိုပါက ဒေါ်လာ ခြောက်ဆယ်ပေးဆောင်ရမည်' ဟူ၍ အဆောင်မှူးက ရှင်းလင်းပြလေသည်။ ထိုအခါ ကျောင်းသား တစ်ယောက်က မေးလိုက်လေသည်။

'တစ်နှစ်ပတ်လုံးအတွက်ဆိုရင် ဘယ်လောက်ကျမလဲ ခင်ဗျာ'

## ၅၇။ သိလား

ဆယ်ကျော်သက်ရွယ် လူငယ်တစ်ယောက်အား ဥပဒေ ချိုးဖောက်သဖြင့် ရဲစခန်းသို့ ဖမ်းဆီးခေါ်လာခဲ့ရာ ထိုလူငယ်က ရဲအရာရှိအား ပြောလိုက်သည်။

'ကျွန်တော့်အဖေ ဘယ်သူလဲ ဆိုတာ သိရဲ့လား'

ထိုအခါ ရဲအရာရှိက ထိုင်နေရာမှ ထလိုက်ပြီး စားပွဲပေါ် လက်ထောက်ကာ ထိုလူငယ်အား ပြန်ပြောလိုက်လေသည်။

'ငါ့ကို ဘာဖြစ်လို့ လာမေးနေရတာလဲ၊ မင်းအမေကို သွားမေးကြည့်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



## ၅၈။ ရောင်းရသလား

စာရေးဆရာ ဖြစ်ရန် ကြိုးစားနေသော ကျွန်တော်၏ တူတော်မောင် တစ်ယောက်နှင့် တွေ့သဖြင့် မေးကြည့်လိုက်သည်။

'မင်း ဘာတွေ ရောင်းရသလဲဟင်'

'ရောင်းရပါတယ်၊ ကျွန်တော့် မော်တော်ကားရော၊ ရုပ်မြင်သံကြားစက်ရောလေ'

## ၅၉။ ရုံဝင်ခ


လူတစ်ယောက်သည် ကဇာတ်ရုံသို့ ရောက်လာပြီး ရုံဝင်ကြေးများကို မေးကြည့်လေသည်။

'အပေါ်ထပ် အထူးခန်းမဆောင်က ဝင်ကြေး တစ်ယောက်ကို ခြောက်ဒေါ်လာပါ၊ အထက်တန်းကတော့ တစ်ယောက်ကို ငါး ဒေါ်လာ၊ ရိုးရိုးတန်းက လေးဒေါ်လာပါ၊ ကပွဲ အစီအစဉ်က ဆင့် ငါးဆယ် ကျပါတယ်'

'ဒါဆိုရင် အစီအစဉ် စာရွက်ပဲ ပေးတော့ကွာ၊ အဲဒီအပေါ်ကပဲ ထိုင်ကြည့်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com




## ၆၀။ ကျွန်တော့်နောက်မှာ

အလုပ်သမားတစ်ယောက်သည် အလုပ်ရှင်ထံ ရောက်လာပြီး ပြောလေသည်။

'ကျွန်တော့်ကို လစာတိုးပေးဖို့ ကောင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်နောက်မှာ ကုမ္ပဏီ သုံးခုတောင် ရှိနေလို့ပါ'

အလုပ်ရှင်လည်း အလွန်အံ့သြသွားကာ ပြန်မေးလိုက်သည်။

'မင်းနောက်မှာ ရှိတယ်ဆိုတဲ့ ကုမ္ပဏီတွေက ဘာတွေလဲကွ'

'လျှပ်စစ်ကုမ္ပဏီရယ်၊ တယ်လီဖုန်းကုမ္ပဏီရယ်၊ ပြီးတော့ ဓာတ်ငွေ့ကုမ္ပဏီရယ်ပါ ခင်ဗျာ'

## ၆၁။ နေရာမဖယ်ပေးရင်

လေယာဉ်ပျံကို ပထမဆုံးအကြိမ် စီးဖူးသော အမျိုးသမီးတစ်ဦးသည် လေယာဉ်ပေါ်သို့ တက်လာပြီး ဆေးလိပ်မသောက်ရသော နေရာတွင် ပြတင်းပေါက်နှင့် ကပ်နေသော ခုံ၌ ဝင်ထိုင်နေလိုက်သည်။ ခဏကြာသော် လူတစ်ယောက် ရောက်လာပြီး နေရာမှ အဖယ်ခိုင်းလေသည်။ အမျိုးသမီးလည်း နေရာလည်း မဖယ်ပေး၊ ဘာမှလည်း ပြန်မပြောပဲ မသိချင်ယောင် ဆောင်နေလိုက်သည်။

ထိုအခါ ထိုလူက ပြောလိုက်လေသည်။

'ကဲ၊ အမကြီးက နေရာ ဖယ်မပေးဘူးဆိုတော့ ဒီလေယာဉ်ကို အမကြီးပဲ မောင်းပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



## ၆၂။ အကောင်းကြီး ရှိသေးတယ်

ပါတီပွဲတစ်ခုတွင် အမျိုးသမီးတစ်ယောက်သည် မိတ်ဆွေ ဖြစ်သွားသော အမျိုးသမီးတစ်ဦးအား ပြောလိုက်သည်။

‘ရှင် ဝတ်ထားတဲ့ သားမွေးအင်္ကျီက အတော် လှတယ်နော်’

‘ဒါ ကျွန်မရဲ့ အသက်လေးဆယ်ပြည့်မွေးနေ့မှာ ကျွန်မ ခင်ပွန်းသည်က မွေးနေ့လက်ဆောင်အဖြစ် ပေးတာပါ’

‘အော် ဟုတ်လား၊ ဒါတောင့် အကောင်းကြီး ရှိသေးတယ်နော်’

📖

## ၆၃။ အဟောင်းတွေ

အလွန်တရာမှ ချမ်းသာကြွယ်ဝသော မိသားစုများမှ အမျိုးသမီး နှစ်ယောက်သည် အပြိုင်အဆိုင် ကြွားဝါနေကြလေသည်။

‘မနေ့ကပဲ ငါ့အမျိုးသားက နပိုလီယံနှင့် ဂျိုးဇက်ဖင်းတို့ ဆိုတဲ့ ခုတင်တစ်လုံး ဝယ်လာခဲ့တယ်’

‘ဟယ်၊ ဒါဆိုရင် နင်တို့က အိမ်ထောင်ပရိဘောဂ အဟောင်းတွေ ဝယ်သုံးတာပေါ့’

📖

www.burmeseclassic.com

www.burmeseclassic.com



## ၆၄။ ခင်ဗျားလို

မြို့တစ်မြို့တွင် လူတစ်ယောက်သည် လမ်းမကြီးရှိ ယာဉ် မရပ်ရသော မျဉ်းဝါနှစ်ထပ်တွင် သူ၏ ကားကို ရပ်လိုက်ပြီး ရဲအရာရှိကို ပြောလိုက်သည်။

'ကျွန်တော် စာတိုက်မှာ စာသွားထည့်ချင်လို့ ဒီမှာပဲ ကားကို ရပ်လိုက်ပါတယ်၊ ခင်ဗျား ကျွန်တော့်ကို အရေးယူချင် ယူပါ'



'ကောင်းပြီလေ' ဟု ဆိုကာ ရဲအရာရှိက ချလန်စာရွက်ကို ရေးပေးလိုက်လေသည်။

ထို့နောက် ထိုလူက အခြားကားများလည်း ရပ်ထားသည်ကို တွေ့သဖြင့် မေးလိုက်သည်။

'ဟိုမှာ တခြားကားတွေလည်း ကျွန်တော့်လိုပဲ ရပ်ထားတာ ခင်ဗျား ဘာဖြစ်လို့ အရေးမယူတာလဲ'

'သူတို့က ခင်ဗျားလို လာမပြောဘူးလေ'

## ၆၅။ ကြိုက်သွားရင်

မြို့ကလေးတစ်မြို့ရှိ မိုတယ်တစ်ခုတွင် မန်နေဂျာလုပ်သူက ဧည့်သည်တစ်ဦးအား အခန်းများကို လိုက်ပြလေသည်။ လိုက်ပြသော အခန်းကို ဧည့်သည်လုပ်သူက သဘောကျသဖြင့် အခန်းခကို မေးလိုက်သည်။


'ဒေါ်လာ လေးဆယ်ပါ ခင်ဗျာ'

'ဟာ ဟုတ်လား၊ ကျေကျေနပ်နပ်ကြီးကို ပေးပါတယ်ဗျာ'

'မဟုတ်သေးဘူးခင်ဗျာ၊ ခင်ဗျား ကျေနပ်တယ်ဆိုရင် နောက်ထပ် ဒေါ်လာ လေးဆယ်ပေးရပါမယ်'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ၆၆။ ညံ့လို့

ကျောင်းသားတစ်ယောက် သူငယ်ချင်းဖြစ်သူအား မေးလိုက်သည်။

'ပါရီက အင်္ဂလန်မှာ ရှိတာ မဟုတ်လား'

'မဟုတ်ဘူး၊ ပြင်သစ်မှာ ရှိတာကွ'

'အော် ဟုတ်လား၊ အေးလေ ငါကလည်း ဂျော်မေထရီမှာ အတော်ကို ညံ့တာ'

📖

## ၆၇။ လေ့ကျင့်လိုက်လို့

လူနာတစ်ဦးအား စမ်းသပ်စစ်ဆေးကြည့်ပြီး ဆရာဝန်က ပြောလိုက်သည်။

'ဒီနေ့တော့ ခင်ဗျား ချောင်းဆိုးတာ အတော့်ကို သက်သာသွားပါလား'

'ဟုတ်ပါတယ် ဆရာ၊ ညက တစ်ညလုံး ကျွန်တော် လေ့ကျင့်လိုက်လို့ပါ'

📖

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




## ၆၈။ ဘယ်သူ့ထက်လဲ

အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦးသည် အလှပြင်ဆိုင်သို့ သွား၍ အလှပြင်ပြီး အိမ်ပြန်လာပြီး ခင်ပွန်းသည်အား မေးလိုက်သည်။

'ကျွန်မကို ကြည့်လိုက်စမ်းပါ၊ ငယ်ရွယ်နုပျို သွားတယ်လို့ မထင်ဘူးလား'

'နေစမ်းပါဦး၊ မင်းက ဘယ်သူ့ထက် ငယ်ရွယ်နုပျိုသွားလို့လဲ'

BURMESE CLASSIC .com

## ၆၉။ အစစ်လိုပဲ

မလေးရှားနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် တစ်စုသည် လည်ပတ်ရင်း ရော်ဘာပင်စိုက်ခင်းသို့ ရောက်သွားလေသည်။ ထိုအခါ ကမ္ဘာလှည့် ခရီးသည် အမျိုးသမီးတစ်ဦးက ဧည့်ကြိုကို လှမ်းမေးလိုက်လေသည်။


'ဟိုအပင်တွေက ရော်ဘာပင်တွေ မဟုတ်လား'

'ဟုတ်ပါတယ်'

'အော် ကျွန်မက သစ်ပင် အစစ်တွေလို့ ထင်နေတာ၊ အတော်ကို တူတာပဲနော်'

www.burmeseclassic.com

www.burmeseclassic.com




## ၇၀။ တားမြစ်တဲ့အထဲမှာ

ငါးမျှားနေသူတစ်ယောက်သည် မြစ်ကမ်းတစ်ခု၌ ငါးထိုင်မျှားနေရင်း အမျိုးသမီးတစ်ဦးက ရေဆင်းချိုးရန် အဝတ်အစားများ လဲနေသည်ကို ကြည့်နေလေသည်။ ထို့နောက် မြစ်ထဲသို့ ရေချိုးရန် ဆင်းလိုက်သည့် အခါတွင် ငါးမျှားနေသူက အမျိုးသမီးအား လှမ်းပြောလိုက်သည်။

'ဒီနေရာမှာ ရေမချိုးရဘူးလို့ တားမြစ်ထားတယ်ဗျ'

'ဒါဆိုရင် ဘာဖြစ်လို့ ကျွန်မ အဝတ်အစားတွေ လဲနေတုံးက ရှင် မပြောတာလဲ'

'အဝတ်အစားလဲတာကိုတော့ ဒီနေရာမှာ တားမြစ်ထားတာမှ မဟုတ်တာ'

## ၇၁။ မကောင်းတာက

သူငယ်ချင်းတစ်စု၏ ညစာစားပွဲတွင် အမဲကဟင်းလျာမှာ စားမကောင်းသည့်အတွက် သူငယ်ချင်းများ အားလုံး စိတ်ပျက် သွားကြသည်။ ထို့အတွက် လူတစ်ယောက်က ပါတီပွဲကျင်းပသည့် အိမ်ရှင် အမျိုးသမီးထံ သွားပြီး နှစ်သိမ့်စကား ပြောလိုက်သည်။

'အေးဗျာ၊ အမဲက ဟင်းလျာက မကောင်းပေမယ့်၊ အချိုပွဲကတော့ စားလို့ သိပ်ကောင်းပါတယ်'

'ဟုတ်ပါတယ်၊ အဲဒီ အမဲက ဟင်းက ရှင့် မိန်းမ ချက်လာတာလေ'

www.burmeseclassic.com

www.burmeseclassic.com



## ၇၂။ ဆေးများသွားလို့

အသက်အရွယ်ကြီးမှ အိမ်ထောင်ပြုလိုက်ကြသော စုံတွဲ တစ်တွဲသည် ညအိပ်ရန် အိပ်ရာပြင်ပြီးနောက် ဇနီးဖြစ်သူက ဆေးတစ်လုံးကို ရေတစ်ခွက်နှင့် သောက်လိုက်သည်။ ယောကျ်ားဖြစ်သူက မေးလိုက်သည်။

'ဘာဆေး သောက်တာလဲ ဟင်'

'ကျွန်မစိတ်တွေ ပြန်လည်နုပျိုသွားအောင် သောက်တဲ့ဆေးပါ'

'ဟုတ်လား၊ ဒါဆိုရင် မင်း ဒီဆေးသောက်လို့ ပြန်လည်နုပျိုသွားမယ်ဆိုရင် ငါလည်း သောက်လို့ရမှာပေါ့' ဟု ဆိုကာ လင်ယောကျ်ားဖြစ်သူသည် ဆေးလုံးအတော်များများကို ယူ၍ သောက်လိုက်သည်။



နောက်တစ်နေ့ မနက် အိပ်ရာမှ နိုးလာသောအခါ ဇနီး ဖြစ်သူသည် ယောကျ်ားဖြစ်သူကို အိပ်ရာထဲ၌ မတွေ့သဖြင့် အိမ်ထဲတွင် လိုက်ရှာသော်လည်း မတွေ့ရပေ။ ထို့နောက် ပြတင်းပေါက်မှ အိမ်ရှေ့ကို လှမ်းကြည့်လိုက်ရာ ယောကျ်ားဖြစ်သူသည် အိမ်ရှေ့ ဝင်းတံခါးဝတွင် ထိုင်၍ ငိုနေသည်ကို သွားတွေ့လေသည်။ ထိုအခါ ဇနီး ဖြစ်သူလည်း အပြေးအလွှား ထွက်လာပြီး ယောကျ်ားဖြစ်သူအား မေးလိုက်သည်။

'ဘာဖြစ်လို့လဲ၊ ဘာဖြစ်တာလဲ ဟင်'

'ကျောင်းကား မမီလိုက်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com

## ၇၃။ အမှုက

အမှုသည်တစ်ယောက်က အမှုလာအပ်ရာ ရှေ့နေဖြစ်သူက ထိုသူ၏ အမှုကို လိုက်ပေးရန် သဘောတူလိုက်ပြီး မေးလိုက်လေသည်။

'ကဲ၊ ခင်ဗျားရဲ့အမှုကို ကျွန်တော် လိုက်ပေးမယ်၊ အမှုလိုက်ခ၊ ရုံးစရိတ်အတွက် ခင်ဗျားမှာ ငွေ ဘယ်လောက် ရှိသလဲ'

'ကျွန်တော့်မှာ နောက်ဆုံးပေါ် ကာဒီလက် ကားတစ်စင်းပဲ ရှိပါတယ်'

'အို ဒါဆိုရင် ရပြီ၊ ကဲ ပြောပါဦး၊ ခိုးမှုနဲ့ တရားစွဲထားတာ ခင်ဗျားက ဘာကို ခိုးလို့လဲ'

'ခုနပြောတဲ့ ကာဒီလက်ကားကြီး ခိုးလို့ပေါ့'




## ၇၄။ လက်ဆောင်ပစ္စည်းနဲ့ ရမလား

အိုဟိုင်အိုးမှ ရှေ့နေတစ်ယောက်သည် သူ၏ အမှုလိုက်ခ အတွက် တောင်းသော ငွေကြေးမှာ အမြဲတမ်းလို မျှတသည်ဟု ယူဆသူ ဖြစ်လေသည်။ တစ်နေ့တွင် အမှု တစ်ခုကို လိုက်ပြီးနောက် အမှုကို နိုင်လိုက်သဖြင့် အမှုသည်က သူ့အား သားရေစစ်စစ်ဖြင့် ပြုလုပ်ထားသော ပိုက်ဆံအိပ်ကို ပေးပြီး ပြောလိုက်လေသည်။

'ဒီပိုက်ဆံအိပ်ဟာ ကျွန်တော်ကိုယ်တိုင် သားရေ စစ်စစ်နဲ့ လုပ်ထားတာပါ'

ထိုအခါ ရှေ့နေဖြစ်သူသည် သူအား ရှေ့နေလိုက်ခ တန်ရာ တန်ကြေးမပေးဘဲ ယခုလို လက်ဆောင်ပစ္စည်းသာ ပေးရမည်လားဟု စိတ်ဆိုးသွားပြီး ဒေါသနှင့် အမှုသည်အား ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျားက ကျွန်တော့်ကို ဘယ်လိုရှေ့နေမျိုး အောက်မေ့နေသလဲ၊ လက်ဆောင်ပစ္စည်းလောက်နဲ့ ရှေ့နေလိုက်နေတဲ့ လူမျိုး မှတ်နေသလား'

အမှုသည်မှာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပြီး ပြန်မေးလိုက်လေသည်။

'ဒါဆိုရင် ရှေ့နေလိုက်ခက ဘယ်လောက်လဲ ဟင်'

'ဒေါ်လာ ငါးရာကျတယ်'

ထိုအခါ အမှုသည်က စောစောက သားရေအိတ်ကို ဖွင့်၍ အထဲမှ ဒေါ်လာငွေ တစ်ထပ်ကြီးကို ဆွဲထုတ်လိုက်ပြီး ထိုငွေများထဲမှ ဒေါ်လာ ငါးရာကို ယူ၍ ရှေ့နေကို ပေးလိုက်လေသည်။

## ၇၅။ ပျောက်သွားပြီ

စိတ်ရောဂါကု ဆရာဝန်တစ်ယောက်သည် လောင်းကစားကို အစွဲကြီးစွဲနေသူတစ်ယောက်အား အချိန်အတော် ကြာယူ၍ ကုသရာ နောက်ဆုံးတွင် ထိုလူကို အောင်မြင်စွာ ကုနိုင်သဖြင့် ဝမ်းသာအားရ ပြောလိုက်လေသည်။

'ကဲ၊ ခင်ဗျား ဘာမှ မပူနဲ့တော့၊ ခင်ဗျားရဲ့ လောင်းကစားစွဲနေတာ အခုအချိန်က စပြီး လုံးဝကို ပျောက်သွားပြီလို့ မှတ်လိုက်ပေတော့'

ထိုအခါ လောင်းကစားကို စွဲနေသော လူက ကျေးဇူးတင်လွန်း၍ ဤသို့ ပြန်ပြောလိုက်သည်။

'သိပ်ကို ကျေးဇူးတင်တာပဲ ဆရာရယ်၊ ဒီတော့ ကျွန်တော်တို့နှစ်ယောက် အပြင်ထွက်ပြီး အအေးလေး ဘာလေး သောက်ရရင် ကောင်းမယ်၊ ဒီတော့ အဲဒီ အအေးဖိုးကို ဆရာက ပေးရမလား၊ ကျွန်တော်က ပေးရမလား ဆိုတာ ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်ရင် မကောင်းဘူးလား ဆရာ'

www.burmeseclassic.com

www.burmeseclassic.com




## ၇၆။ သဘောကောင်းသူ

အလွန်တရာမှ သဘောကောင်းသော ယောကျာ်း တစ်ယောက်သည် အလုပ်မှ အိမ်ပြန်လာရာ အိမ်ခန်းထဲ၌ သူ၏ မိန်းမသည် အခြား ယောကျာ်းတစ်ဦးနှင့် ပွေ့ဖက်၍ နေသည်ကို သွားတွေ့လေသည်။

ထိုအခါ ယောကျာ်းဖြစ်သူသည် သူ့လက်ထဲမှ အပေါ် အင်္ကျီနှင့် ဦးထုပ်ကို ကြမ်းပေါ်သို့ စိတ်ဆိုးဆိုးနှင့် လွှင့်ပစ်လိုက်ပြီး ဒေါသတကြီးနှင့် မိန်းမဖြစ်သူအား ပြောလိုက်လေသည်။

'မင်းဟာ ဘယ်လို မိန်းမမျိုးလဲကွ ဟင်၊ ငါက မနက်ဆိုရင် အစောကြီး အိမ်ကထွက်ပြီး အလုပ်သွားရတယ်၊ ပြီးတော့ နွားလို တစ်နေ ကုန်အောင် ကုန်းရုန်းပြီး အလုပ် လုပ်ရတယ်၊ ညနက်သန်းခေါင်ကျမှ အိမ်ပြန်လာတော့ အိမ်မှာ ဘာတွေ့ရသလဲ၊ 'ဘာမှ စားစရာ မရှိဘူး မဟုတ်လား၊ အဲဒါတွေ ငါ ဒီနေ့ကစပြီး လုံးဝ သည်းမခံနိုင်တော့ဘူးကွ'

📖

## ၇၇။ အိပ်ရင်း ဟောက်လို့

လူတစ်ယောက်သည် ဆရာဝန်တစ်ဦးထံ ရောက်လာပြီး ပြောလေသည်။

'ဆရာ ကျွန်တော်ဟာ အိပ်ပျော်သွားတာနဲ့ တပြိုင်နက် စပြီး ဟောက်တော့တာပဲ၊ ကြည့်လုပ်ပေးပါဦး'

'အဲဒီလို ဟောက်တာ အသံက အကျယ်ကြီးလား'

'အသံက သိပ်ကျယ်ပါတယ် ခင်ဗျာ'

'ဒါဆိုရင် ခင်ဗျားရဲ့ ဇနီးသည်ကို အနှောက်အယှက် ဖြစ်မှာပေါ့'

'ကျွန်တော့်မှာ အိမ်ထောင် မရှိပါဘူး ခင်ဗျာ'

'ခင်ဗျားက လူပျိုလူလွတ် တစ်ယောက်ပဲ၊ ဒီတော့ ခင်ဗျား ဟောက်တာ ဘာပြဿနာ ရှိလို့လဲ'

'ပြဿနာမရှိဘူး ဟုတ်လား၊ အဲဒီလို ဟောက်လို့ ကျွန်တော် အလုပ်ထုတ်ခံရတာ ငါးခါ ရှိသွားပြီ ဆရာ'

📖

www.burmeseclassic.com

www.burmeseclassic.com



## ၇၈။ နောက်လုပ်ရမှာက

ဘုန်းတော်ကြီး တစ်ပါးသည် လမ်းတစ်လမ်းထဲသို့ လျှောက်လာရာ ကလေးငယ်ကလေး တစ်ယောက်သည် အိမ်တံခါး တစ်ခုမှ လူခေါ် ခေါင်းလောင်း ခလုတ်ကို မမီမကမ်းနှင့် ခုန်၍ ခုန်၍ နှိပ်နေသည်ကို သွားတွေ့လေသည်။ သို့နှင့် ဘုန်းတော်ကြီးက ကလေးငယ်လေးရှိရာ အိမ်တံခါးဝသို့ ရောက်လာပြီး ခေါင်းလောင်း ခလုတ်ကို နှိပ်ပေးလိုက်ပြီးနောက် ပြောလိုက်သည်။

'ကဲ ရပြီ မဟုတ်လား၊ မင်းကို ဘာလုပ်ပေးရဦးမလဲ'

ထိုအခါ ကလေးငယ်က ဤသို့ ပြန်ပြောလိုက်လေသည်။

'ကျွန်တော်တို့ နောက်ဆက်လုပ်ရမှာကတော့ ဒီနေရာကနေ အမြန်ဆုံး ထွက်ပြေးဖို့ပဲ'

## ၇၉။ အဝတ်အစား ချောင်ချောင်

ခန္ဓာကိုယ် အလွန်အမင်းဝနေသည့် အမျိုးသမီး တစ်ယောက်သည် သူ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်အား ပြောပြနေလေသည်။

'ငါက အရမ်းဝနေလို့ ဒီနေ့ မနက်ကပဲ ကိုယ်လက် လှုပ်ရှားကျန်းမာရေး ကလပ်ကို ဖုန်းဆက်ပြီး သူတို့သင်တန်း တက်ချင်ကြောင်း ပြောလိုက်တယ်၊ အဲဒါ သူတို့က ငါကို ဘာပြန်ပြောသလဲ သိလား၊ သူတို့ သင်တန်းကို လာတက်ရင် အဝတ်အစား ခပ်ချောင်ချောင် ဝတ်လာခဲ့ပါတဲ့၊ ဒါနဲ့ ငါက ပြန်ပြောလိုက်တယ်၊ ကျွန်မ အဝတ်အစား ခပ်ချောင်ချောင် ဝတ်လို့ရလို့ကတော့ ရှင်တို့ သင်တန်းတောင် တက်စရာ မလိုတော့ဘူးလို့'

www.burmeseclassic.com

www.burmeseclassic.com




## ၁၀။ မရဘူး

ဆမ်သည် နေထိုင်မကောင်းဖြစ်နေရာ အခြေအနေမှာ ပြန်ကောင်းမလာဘဲ တစ်နေ့တခြား ဆိုးဝါးလာလေသည်။ ဆမ်ကိုယ်တိုင်ကလည်း သူ့အခြေအနေကို သိသဖြင့် သူ့ကလေးများအားလုံးကို ခေါ်တွေ့လေသည်။ ကလေးများကလည်း ဖခင်ကြီး ပြောမည့် နောက်ဆုံး စကားကို နားထောင်နေကြလေသည်။

'သားတို့သမီးတို့ မင်းတို့ မေမေနဲ့ ဖေဖေတို့ဟာ လက်ထပ်ခဲ့တာ အခုဆိုရင် နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီပေါ့၊ မင်းတို့ မေမေဟာ



အချက်အပြုတ်မှာတော့ တကယ့်ကို နတ်သမီးလိုပဲ၊ သိပ်တော်တာပေါ့၊ အခုတောင်မှ ဖေဖေဟာ သမီးတို့ သားတို့ မေမေရဲ့လက်ရာ သစ်သီးကိတ်မုန့် အနံ့တောင်ရလာတယ်၊ ကဲ သမီး ဆာရာ မေမေ့ဆီကို သွားပြီးတော့ ဖေဖေ့အတွက် သစ်သီးကိတ် နည်းနည်းပေးပါလို့ ပြောလိုက်ပါ'

ခဏနေသောအခါ ဆာရာ ပြန်ရောက်လာလေသည်။ သို့သော် သူ့လက်ထဲတွင် မည်သည့် သစ်သီးကိတ်မှ မပါလာသဖြင့် ဖခင်ကြီးဆမ်က မေးလိုက်လေသည်။

'ဆာရာ၊ ဘယ်မှာလဲ ဖေဖေ တောင်းခိုင်းတဲ့ သစ်သီးကိတ်'

ထိုအခါ ဆာရာက ဤသို့ ပြန်ပြောလိုက်လေသည်။

'မေမေက ပြောတယ်၊ မပေးနိုင်ဘူးတဲ့၊ သစ်သီးကိတ်က မနက်ဖြန်ခါ အသုဘ အခမ်းအနားအတွက် လုပ်ထားတာတဲ့ ဖေဖေ'

www.burmeseclassic.com

www.burmeseclassic.com

## ၈၁။ မြင်းမကလေး

အမျိုးသားတစ်ယောက်သည် ထမင်းစားခန်းထဲ၌ သတင်းစာ ဖတ်ရင်း ကော်ဖီသောက်နေစဉ် သူ၏ ဇနီးသည်က နောက်ကနေ ရောက်လာပြီး သူ့ခေါင်းကို ရိုက်လိုက်ပြီး ဒေါသနှင့် ပြောလေသည်။

'ဒီမှာ၊ ရှင့်ဆောင်းဘီ အိပ်ထဲက စာရွက်တစ်ရွက် တွေ့တယ်၊ အဲဒီ စာရွက်ပေါ်မှာ 'မေရီလူး' လို့ ရေးထားတာ တွေ့တယ်၊ အဲဒါ ဘာသဘောလဲ၊ ပြောစမ်းပါ'

'မိန်းမကလဲကွာ၊ စိတ်အေးအေးထားစမ်းပါ၊ ကျန်ခဲ့တဲ့ အပတ်က ငါ မြင်းပွဲသွားတာ မင်း သိတယ် မဟုတ်လား၊ အဲဒီ နာမည်က ငါ လောင်းတဲ့ မြင်းနာမည်ပါကွ'

ထိုနောက် နောက်တစ်နေ့ မနက်တွင် ဇနီးသည်က စိတ်ဆိုးမာန်ဆိုးနှင့် ယောကျ်ားဖြစ်သူကို အိပ်ရာမှ ရိုက်ပုတ်၍ နိုးလေသည်။ ယောကျ်ားကလည်း ဘာဖြစ် တာလဲဟု မကျေမနပ်နှင့် မေးလိုက်လေသည်။ ဇနီးသည်က ပြောလိုက်သည်။

'ဒီမှာ၊ ရှင့် မြင်းမကလေး ဖုန်းဆက်နေတယ်'



## ၈၂။ တစ်ယောက်ယောက်

အမျိုးသားတစ်ယောက်သည် သူ့မိတ်ဆွေတစ်ဦးအား ပြောပြနေလေသည်။

'ငါကွာ၊ အိမ်ပြန်ရောက်တာနဲ့ တစ်ယောက်ယောက် ဖြစ်သွားတာကွ'

'ဘယ်လို တစ်ယောက်ယောက် ဖြစ်သွားတာလဲ၊ ဆိုစမ်းပါဦးကွ'

'ဒီလိုကွ၊ ညစာစားပြီးရင် ငါ့မိန်းမက မီးဖိုထဲကနေ လှမ်းပြောတတ်တယ်၊ 'တစ်ယောက်ယောက် ဒီအမှိုက်တွေ လာပစ်ပေးမယ်' တဲ့ကွ'



www.burmeseclassic.com

www.burmeseclassic.com

## ၈၃။ အချစ်ရယ်

ဒယ်နီရယ်သည် ပါတီပွဲ တစ်ခုတွင် အလွန်ချောမော လှပသော အမျိုးသမီး တစ်ဦးနှင့် တွေ့ပြီး အသိအကျွမ်း ဖြစ်သွားလေသည်။ သူတို့နှစ်ယောက် တွဲ၍ ကကြပြီး နောက် ဒယ်နီရယ်မှာ ထိုအမျိုးသမီးကလေးအား ပို၍ စွဲလန်းနှစ်သက်သွားပြီး ပြောလိုက်လေသည်။

'ဒါလင်၊ ကိုယ်တို့နှစ်ယောက် ပန်းခြံထဲ သွားကြရအောင်ကွာ'

မိန်းကလေးကလည်း မပွင့်တပွင့် လေသံကလေးနှင့် ပြန်ပြောလေသည်။


'ကောင်းပြီလေ'

ပန်းခြံထဲ ရောက်သောအခါ ဒယ်နီရယ်က ပြောလိုက်သည်။

'တကယ်တော့ ကိုယ်ဟာ ချော့လောက် မချမ်းသာပါဘူးကွာ၊ ပြီးတော့ သူ့လောက်လဲ ကိုယ့်ရုပ်က မချောဘူးလေ၊ ဒါပေမယ့် မင်းကိုတော့ ကိုယ် တကယ် ချစ်တာပါကွာ'

ထိုအခါ မိန်းကလေးလည်း ဒယ်နီရယ်၏ ရင်ခွင်ထဲသို့ တိုးဝင်လာပြီး ပြောလိုက်လေသည်။

'အချစ်ရယ်၊ ခင့်ကိုလေ အဲဒီ ချော့ဆိုသူနဲ့ မိတ်ဆက် ပေးပါလား ဟင်'



## ၈၄။ အံ့ဩစရာ မဟုတ်ဘူး

ပါလက်စတိုင်းနိုင်ငံသို့ အလည်အပတ် ရောက်နေသော ခရီးသည် တစ်ယောက်သည် ဧည့်လမ်းညွှန်တစ်ဦးနှင့်အတူ ဂါလီလဲ ပင်လယ် ကမ်းခြေသို့ ရောက်လာလေသည်။ ထိုအခါ ဧည့်လမ်းညွှန်က ပြောလိုက်သည်။

'အဲဒီ ပင်လယ်ကို ဖြတ်ကူးမယ်ဆိုရင် ဒေါ်လာ ၁၀၀ ပေးရမယ်'

'ဟာ ဈေးကြီးလှပါလားဗျ'

'ဒီပင်လယ်ထဲမှာ မိုးဇက်တောင် ဖြတ်ပြီး လမ်းလျှောက်သွားခဲ့တာလေ'

'အင်းလေ၊ အံ့ဩစရာတော့ မဟုတ်ပါဘူး၊ ဒီလောက် ဈေးကြီးနေမှ ဖြတ်ပြီး လမ်းလျှောက်တော့မှာပေါ့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

## ၈၅။ သိပ်သဘောကောင်းတာပဲ

မြို့တစ်မြို့မှ ရဲတပ်ဖွဲ့ဝင်များသည် အရက်ဆိုင်တစ်ဆိုင်အား ဝင်ရောက်စစ်ဆေးရာ အချိန်လွန်သည်အထိ ဆိုင်ဖွင့်ထားကာ အရက်သောက်နေသူများကို တွေ့သဖြင့် ဆိုင်ရှင်အား စစ်ဆေး မေးမြန်းနေလေသည်။

ထိုနောက် ရဲအရာရှိတစ်ဦးက အမျိုးသမီးတစ်ယောက်အား အမည်နှင့် လိပ်စာကို မေးလိုက်သည်။ ပြီးမှ ဆက်မေးလိုက်ပြန်သည်။

'အစ်မကြီး ဘာသောက်တာလဲ'

'မင်းက သိပ်သဘောကောင်းပါလား၊ ဒါနဲ့ စောစောက ရဲတစ်ယောက်ကပြောတော့ ဆိုင်ပိတ်လိုက်ပြီ ဆို'

📖



## ၈၆။ တစ်ခါမှ

အလွန်တရာမှ လှပချောမောသော အမျိုးသမီးတစ်ယောက်သည် ရေချိုးကန်မှ ထွက်လိုက်ပြီး မွေးပွတစ်ဘက်ကို လက်လှမ်း၍ ယူမည်အပြုတွင် ပြတင်းပေါက်မှ နေ၍ သူ့အား ကြည့်နေသော ပြတင်းပေါက်သန့်ရှင်းရေး အလုပ်သမား တစ်ယောက်ကို တွေ့လိုက်သဖြင့် အံ့အားသင့်သွားပြီး ကြက်သေ သေသွားကာ ထိုလူအား ပြူးကြောင်ကြောင်နှင့် စိုက်၍ ကြည့်နေမိလေသည်။

ထိုအခါ သန့်ရှင်းရေး အလုပ်သမားက အမျိုးသမီးအား မေး လိုက်လေသည်။

'ဘာဖြစ်လို့လဲ အစ်မကြီး၊ ကျွန်တော်တို့လို သန့်ရှင်းရေး အလုပ်သမားတွေကို အရင်က တစ်ခါမှ မတွေ့ဘူးလို့လား ဟင်'

📖

www.burmeseclassic.com

www.burmeseclassic.com

## ၈၇။ ပဟေဠိ တစ်ပုဒ်

ယောက်ျားဖြစ်သူက သူ့ ဇနီးသည်အား ပဟေဠိ တစ်ပုဒ်ကို မေးလိုက်သည်။

'မင်းက ရထားတစ်စင်းမှာ ဂါတ်ဗိုလ်ဆိုပါတော့၊ မင်း ရထားပေါ်မှာ ခရီးသည်က ၃၅ ယောက် ပါလာတယ်၊ ပထမဆုံး ရပ်တဲ့ ဘူတာမှာ ခရီးသည် ၁၀ ယောက် ဆင်းသွားပြီး နောက်ထပ် ခရီးသည် ၂ ယောက် တက်လာတယ်၊ နောက်ဘူတာ တစ်ခုကို ရောက်တော့ ဆင်းတဲ့ ခရီးသည် မရှိဘူး၊ ခရီးသည် အသစ် ၅ ယောက် တက်လာတယ်၊ ကဲ အဲဒီတော့ မင်းကို မေးမယ် ဖြေစမ်း၊ အဲဒီ ရထားရဲ့ ဂါတ်ဗိုလ် နာမည်က ဘယ်သူလဲ'

'ကျွန်မ ဘယ်လိုလုပ် သိမလဲ'

'မင်းကို ငါ ပြောနေတုံးက သေသေချာချာမှ နားမထောင်ပဲ၊ ငါ ပြောတယ်လေ၊ မင်းဟာ ဒီရထားရဲ့ ဂါတ်ဗိုလ် ဆိုရင်လို့ မပြောဘူးလား'



## ၈၈။ နိုင်အောင် ပြေးဖို့က

ကျန်းမာရေးအတွက် တောအုပ်တစ်ခုထဲ၌ လမ်းလျှောက် လေ့ကျင့်ခန်းယူနေသော သူငယ်ချင်းနှစ်ယောက်သည် တစ်နေရာ အရောက်တွင် ဝက်ဝံကြီးတစ်ကောင်နှင့် ရင်ဆိုင်တိုးမိကြလေသည်။

ထိုအခါ တစ်ယောက်က သူ စီးလာသော ကင်းဘတ် ဖိနပ်ကို ချွတ်၍ အပြေးလေ့ကျင့်သည့် ဖိနပ်ကို ထုတ်၍ စီးလေသည်။ ကျန်တစ်ယောက်က နားမလည်နိုင်သဖြင့် မေးလိုက်သည်။

'မင်း ဘာလုပ်နေတာလဲ၊ အဲဒီ ဖိနပ်စီးလို့ကော ဒီဝက်ဝံကြီးလက်က လွတ်အောင် ပြေးနိုင်မှာမို့လား'

'ငါက ဝက်ဝံလက်က လွတ်အောင် ပြေးဖို့ မဟုတ်ဘူး၊ မင်းထက် သာအောင် ပြေးဖို့ကွ'

www.burmeseclassic.com

www.burmeseclassic.com



## ၈၉။ တူတော့ တူတယ်

ရုရှတစ်ယောက်၊ အမေရိကန်တစ်ယောက်နှင့် ပြင်သစ်တစ်ယောက်တို့သည် သေဆုံးပြီးနောက် ကောင်းကင်ဘုံ တံခါးဝတွင် ဆုံမိကြပြီး စကားစမြည် ပြောနေကြလေသည်။ ထိုသို့ ပြောဆိုနေကြရာ မော်တော်ကားကြောင့် သူတို့သည် အခုလို အချိန်မတိုင်မီ သေဆုံးခဲ့ ကြရသည်ကို သဘောပေါက်သွားကြသည်။

ပထမဆုံး အမေရိကန်က သူ သေဆုံးခဲ့ရပုံကို ဤသို့ ပြောပြသည်။


'ကျွန်တော်က ကားကို မိုင်နှုန်း ၁၀၀ လောက်နဲ့ မောင်းလာတာ တာရာကွဲပြီး ကားမှောက်သွားလို့ သေဆုံးသွားခဲ့တာပါ'

ပြင်သစ်ကလဲ ဤသို့ ပြောပြလေသည်။

'ကျွန်တော် သေရတာက ဒီလိုပါ၊ ဆိမ်းမြစ်ကမ်းနံဘေးမှာ ကျွန်တော့်ချစ်သူနဲ့ အတူ အပမ်းဖြေဖို့ သွားရင်းနဲ့ ကားက မြစ်ထဲ ထိုးကျသွားလို့ပါဗျာ'

ထို့နောက် ရုရှကလဲ သူ သေဆုံးရပုံကို ဤသို့ ပြောပြလေသည်။

'ကျွန်တော်ကတော့ဗျာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက မော်တော်ကား ဝယ်စီးချင်တာနဲ့ ဘာမှ မစားမသောက်ဘဲ ပိုက်ဆံစုလာတာ နောက်ဆုံးတော့ အစာရေစာပြတ်ပြီး သေဆုံးခဲ့တာပါ'



## ၉၀။ အခုတော့

နိုက်သူရဲကောင်းတစ်ဦးနှင့် သူ၏ နောက်ပါ ရဲမက်များသည် တစ်နေ့ကုန် တစ်နေခန်း ရန်သူနှင့် ပြင်းထန်စွာ တိုက်ခိုက်ပြီးနောက် အရှင်သခင် စံမြန်းနေသည့် ရဲတိုက်သို့ ပြန်ရောက်လာကြလေသည်။

ဘုရင်မင်းမြတ်ကလည်း သူ့လူများကို တွေ့သည့်အခါ မေးလိုက်သည်။

'ဟင်၊ မင်းတို့ ဘယ်လို ဖြစ်လာကြတာလဲ'

နိုက်သူရဲကောင်းက လျှောက်တင်လေသည်။

'မှန်လှပါ အရှင်မင်းကြီး၊ အနောက်ဖက်တလွှားမှာ ရှိတဲ့ ရန်သူနယ်မြေကို ဝင်ရောက်ပြီး သူတို့ အိမ်ခြေယာမြေများကို တစ်နေ့ကုန် တိုက်ခိုက်ဖျက်ဆီးခဲ့ရလို့ပါ'

'ဘာပြောတယ်၊ ငါ့မှာ အနောက်ဖက်ဒေသမှာ ရန်သူမှ မရှိတာ'

'မှန်လှပါ၊ အခုတော့ ရှိသွားပါပြီ အရှင်မင်းကြီး'


www.burmeseclassic.com

## ၉၁။ ဘယ်သူလဲ

အိမ်မွေး တိရစ္ဆာန်များကို လေလံပစ်နေရာ အမျိုးသမီးတစ်ဦးသည် ကြက်တူရွေးတစ်ကောင်ကို ဝင်၍ လေလံဆွဲပြီးနောက် သူ ရရှိလိုက်သဖြင့် ငွေပေးချေရင်းနှင့် လေလံပစ်သူအား မေးလိုက်လေသည်။

'ကျွန်မတော့ အတော်ကို ငွေကုန်ခံပြီးတော့ ဒီကြက်တူရွေးကို လေလံဆွဲလိုက်ပြီ၊ ရှင် ပြောသလို ကောင်းကောင်း စကား ပြောတတ်ပါစေလို့ ဆုတောင်းရမှာပဲ'

'ဒါတော့ စိတ်သာချပါ ခင်ဗျာ၊ အမကြီးနဲ့အပြိုင် လေလံဆွဲတာ ဘယ်သူလို့ ထင်လို့လဲ'




## ၉၂။ တစ်ခုမဟုတ်ရင်

ကျေးလက်ပိုင်းသို့ ခရီးထွက်လာရင်း လမ်းပျောက်နေသော လူ တစ်ယောက်သည် လယ်ကွင်းတစ်ခုအနီး၌ အဆောက်အဦ တစ်လုံးကို ဆောက်လုပ်နေသော လယ်သမားတစ်ယောက်ကို တွေ့သဖြင့် ကားရပ်ပြီး လမ်းမေးလေသည်။

သွားရန် လမ်းကို လယ်သမားက ညွှန်လိုက်ပြီးနောက် ခရီးသွားသည် လယ်သမားအား ကျေးဇူးတင်စကား ပြောလိုက်ပြီး ယခု ဆောက်နေသည်မှာ ဘာလဲဟု မေးလိုက်လေသည်။

ထိုအခါ လယ်သမား ဤသို့ ပြန်ပြောလိုက်သည်။

'ကျုပ် ဆောက်နေတာ နေရာကျရင်တော့ နေချင်စရာ အိမ်ကလေး တစ်လုံးပေါ့ဗျာ၊ အဲ နေရာမကျရင်တော့ ကြက်မွေးဖို့ ကြက်ခြံတော့ ဖြစ်မှာပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com


## ၉၃။ အကယ်၍

သူငယ်ချင်းတစ်ယောက်က သူ၏ ရည်းစားထံမှ ပေးသော စာကို ကျွန်မအား လာပြလေသည်။ ထိုစာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

'အချစ်ရေ

မင်းအတွက်ဆိုရင် လှိုင်းတွေ မုန်တိုင်းတွေကိုလည်း ကိုယ် မမှုပါဘူး။ ဘယ်လိုပဲ ကြီးမားတဲ့ ဘေး အန္တရာယ်တွေက တားဆီးပါစေ မင်းကို ကိုယ်ကတော့ ချစ်နေမှာပါ။ ဘယ်အချိန် ဘယ်အခါပဲ ရောက်ရောက် ကိုယ်ကတော့ မင်းကို ဘယ်တော့မှ မေ့သွားမှာ မဟုတ်ပါဘူး။

**မှတ်ချက်။** ။တနင်္ဂနွေနေ့ကျရင် မင်းအိမ်ကို ကိုယ် လာခဲ့မယ်။ အကယ်၍ မိုးမရွာခဲ့ရင်ပေါ့။




## ၉၄။ တော်သေးလို့

ဘော့နှင့် ဘီလ်တို့သည် ငါးများရန်အတွက် အလာစကာသို့ ထွက်လာကြလေသည်။ ငါးများရန်လိုအပ်သော မော်တော်တစ်စီးနှင့်မောင်းပေးမည့် လူတစ်ယောက်ကို ငှားရမ်းပြီး ငါးများသည့်အခါ အသုံးပြုရမည့်ပစ္စည်းများကို ဝယ်ယူရလေသည်။ ဤသို့နှင့် နှစ်ပတ်ခန့်ကြာသော် သူတို့နှစ်ဦးဆာလ်မွန် ငါးအသေးကလေးတစ်ကောင်ကိုသာ ဖမ်းမိလေသည်။

ထိုအခါ ဘော့က ပြောလိုက်သည်။

'ဘီလ်ရေ၊ ဒီငါးကလေးတစ်ကောင်ဟာ ဒေါ်လာ နှစ်ထောင်တန်တယ် ဆိုတာ မင်း သတိထားမိရဲ့လားကွ'

'ဟုတ်လား၊ ငါတို့ ဒီတစ်ကောင်ပဲ ဖမ်းမိသေးတာ တော်သေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



## ၉၅။ သူ့အကြောင်းနှင့် သူ

တရားဟောဆရာတစ်ဦးသည် သူနေထိုင်ရမည့် ကောင်းကင်ဘုံရှိ နေရာသို့ ရောက်လာလေသည်။ ထိုနေရာ၌ တဲငယ်ကလေး တစ်လုံးကိုသာ တွေ့ရသဖြင့် စိတ်အကြီးအကျယ် ပျက်သွားလေသည်။ သို့သော် လမ်းတစ်ဖက်၌မူ ပန်းခြံနှင့် ရေကူးကန်တို့ ပါရှိသော ဝန်းခြံကြီးထဲတွင် ကြီးမားသော အိမ်ကြီးတစ်လုံး၌ အငှားယာဉ် မောင်းသူတစ်ဦး နေထိုင်နေသည်ကို သွားတွေ့လေသည်။

ထိုအခါ တရားဟောဆရာက စိန့်ပီတာထံသွား၍ မကျေမနပ်နှင့် ပြောလိုက်သည်။

'ကျွန်တော်တော့ ဘယ်လိုမှကို နားမလည်တော့ဘူး၊ ကျွန်တော့် ဘဝတစ်လျှောက်လုံး ဘုရားသခင်ရဲ့ အမှုတော်ကို ထမ်းဆောင်ခဲ့ပါတယ်၊ အဲဒီလို ထမ်းဆောင်ခဲ့တာဟာ အခုတော့ ကျွန်တော်က တဲစုပ်ကလေး တစ်လုံးပဲ ရပြီးတော့ ဟိုကားမောင်းသမားကတော့ ဝန်းနှင့် ခြံနှင့် အိမ်ကြီးအိမ်ကောင်း နေ နေရတယ်လေ'

ထိုအခါ စိန့်ပီတာ ရှင်းပြလိုက်လေသည်။

'ရှင်းရှင်းကလေးပါပဲ၊ မင်း တရားဟောတဲ့အခါ လူတွေ အိပ်ပျော်ကုန်ကြတယ်၊ သူ ကားမောင်းတဲ့အခါမှာ လူတွေက ဘုရား တကြလို့ပါ'



## ၉၆။ အကြောင်းက

ဂျက်ဆိုသူသည် ဆရာဝန်ထံသို့ သွားပြပြီး အိမ်သို့ ဝမ်းနည်းပူဆွေးကာ ပြန်လာသဖြင့် ဇနီးသည်က မေးလိုက်သည်။

'ဘာဖြစ်လာလို့လဲဟင်'

'ဆရာဝန်က ငါ အသက်ရှိနေသ၍ ဒီဆေးလုံးအဖြူကလေးတွေ တစ်နေ့တစ်လုံး မှန်မှန် သောက်ရမယ်တဲ့'

'ဒါများ ရှင်ကလည်း၊ ဘာဖြစ်တာ မှတ်လို့'

'ဒါပေမယ့် ဆရာဝန်က ငါ့ကို ဆေးလုံး ခုနစ်လုံးပဲ ပေးလိုက်တယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com

## ၉၇။ ငါလည်းပဲ

အသံဗလံ မျိုးစုံထွက်နေသော ကားစုပ်ကြီး တစ်စီးနှင့် သူငယ်ချင်း သုံးယောက်သည် လန်ဒန်သို့ ထွက်လာကြလေသည်။ ကားထဲတွင်လည်း အသံများက မျိုးစုံထွက်နေသဖြင့် တစ်ယောက်က ပြောသည်ကို တစ်ယောက်က မကြားနိုင် ဖြစ်နေသည်။ သို့နှင့် မြို့အဝင်နားသို့ ရောက်လာရာ တစ်ယောက်က ပြောလိုက်သည်။

'ဝင်ဘာလေနား ရောက်လာပြီနော်'

'မဟုတ်ပါဘူးကွ၊ ဒီနေ့ ကြာသပတေးနေ့ပါ'

'တစ်နေရာရာမှာ ရပ်ပြီးတော့ တစ်ခုခု သောက်မယ်၊ ဟုတ်လား၊ ကောင်းတယ်ကွာ၊ ငါလည်း သောက်ချင်နေတာနဲ့ အတော်ပဲ'




## ၉၈။ ဒါပေမယ့်

ရေတပ်ဆေးရုံ တစ်ခုတွင် ကျွန်မ တာဝန်ကျနေစဉ် ဆေးရုံတက်နေသော ရေတပ်သား ရဲဘော် တစ်ယောက်က သူနာပြုဆရာမလေး တစ်ဦးအား အိမ်သို့ စာရေးလိုသဖြင့် နှုတ်တိုက်ချပေးသည်ကို လိုက်ရေး ပေးရန် တောင်းပန်လိုက်သည်။ သဘောကောင်းသော သူနာပြုဆရာမ ကလေးကလည်း လိုက်ရေးပေးမည်ဟု ပြောသဖြင့် ရေတပ်သား ရဲဘော်လေးက အောက်ပါအတိုင်း ပြောလိုက်လေသည်။

'ဒီမှာ ရှိတဲ့ သူနာပြုဆရာမတွေက အရုပ်ကလည်း ဆိုးသေး သဘောကလည်း ပုပ်သေးတယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူနာပြုဆရာမက ပြန်ပြောလိုက်သည်။

'ရှင် အဲဒီလိုတော့ မပြောသင့်ပါဘူး၊ ရှင် ပြောတာ သိပ်ကို ရိုင်းလွန်းပါတယ်'

'ဟုတ်ပါတယ်၊ မင်း ပြောတာ ဟုတ်ပါတယ်၊ အခုလို ရေးလိုက်မှ ငါ့မိန်းမက သဘောကျမှာမို့ပါ'




## ၉၉။ ငါသာဆိုရင်

နွေရာသီတွင် ဖလော်ရီဒါကမ်းခြေသို့ အပမ်းဖြေ အနားယူသွားမည့် ကောလိပ်ကျောင်းသူကလေးတစ်ယောက်သည် ဘီကီနီ ရေကူးဝတ်စုံကို ဝယ်လာပြီး သူ့အမေရှေ့တွင် ဝတ်ပြကာ မေးလိုက်သည်။

'မေမေ၊ သဘောကျရဲ့လား ဟင်'

အမေလုပ်သူလည်း တစ်ခဏမျှ စိုက်ကြည့်ပြီးမှ ပြောပြလိုက်သည်။

'ငါသာ မင်းအရွယ်တုံးက အဲဒီလို ရေကူးဝတ်စုံမျိုး ဝတ်ခဲ့ရင် မင်းဟာ အခု အသက်ထက် လေးနှစ်လောက် ပိုကြီးနေမှာတော့ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com


## ၁၀၀။ ပိုင်ဆိုင်သမျှထဲမှာ

မျက်ရည်များ တစ်ပေါက်ပေါက်ကျရင်းနှင့် မုဆိုးမတစ်ဦးသည် ရှေ့နေဖြစ်သူအား ကွယ်လွန်သွားသော ခင်ပွန်းသည်၏ သေတမ်းစာအကြောင်းကို မေးလိုက်လေသည်။ ထိုအခါ ရှေ့နေက ပြန်ပြောလိုက်သည်။

'သိပ်တော့ စိတ်မကောင်းပါဘူး ခင်ဗျာ၊ သူ့ပိုင်ဆိုင်သမျှအားလုံးကို မုဆိုးမများရိပ်သာကို အကုန် လှူခဲ့ပါတယ်'

'ဒါဆိုရင် ကျွန်မအတွက်ကရော'

'သူ့ပိုင်ဆိုင်သမျှ အားလုံးထဲမှာ ခင်ဗျားလည်း ပါတယ်လေ'



## ၁၀၁။ ကျန်တာတွေကို

ကျွန်တော်သည် မိတ်ဆွေတစ်ဦးထံမှ အလွန်တရာမှ တန်ဖိုးကြီးသော ဖန်ခွက်လေးလုံးကို လက်ဆောင်ရလိုက်လေသည်။ မကြာခင်မှာပင် ဖန်ခွက်တစ်လုံးမှာ လက်မှ လွတ်ကျပြီး ကွဲသွားလေသည်။

ကွဲသွားသော ဖန်ခွက်ကို ပြန်လည်အစားထိုးရန် ဆိုင်သို့ သွား၍ မေးကြည့်ပါသည်။ ထိုဖန်ခွက်များကို ယခုအခါတွင် ဆက်လက်၍ မထုတ်လုပ်တော့ပဲ နောက်ဒီဇိုင်းအသစ်နှင့် ဖန်ခွက်များကိုသာ ထုတ်လုပ်တော့သည်ဟု သိရပါသည်။ နောက် ဖန်ခွက်အသစ်များမှာ ကျွန်တော့်တွင် ကျန်ရှိနေသော ဖန်ခွက်များနှင့် ပုံစံ မတူသည်ကို တွေ့ရသဖြင့် အရောင်းစျေးသည်မလေးကို မေးကြည့်လိုက်ပါသည်။

'ဒါဆိုရင် တခြားနည်းလမ်းများ ရှိသေးလားဟင်'

'ရှိပါတယ်၊ ရှင့်မှာ ရှိနေတဲ့ ဖန်ခွက်တွေ အားလုံးကို ခွဲပစ်လိုက်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com

## ၁၀၂။ ကျန်တစ်ခုက

လူတစ်ယောက်သည် သူ့မိတ်ဆွေ တစ်ဦးအား ပြောပြနေသည်။

'ငါ့မှာ မျက်မှန်သုံးလက် ဆောင်ထားရတယ်၊ တစ်ခုက စာဖတ်ဖို့၊ တစ်ခုက အဝေးကြည့်ဖို့ပေါ့'

'ဒါဆိုရင် ကျန်တဲ့ တစ်လက်က ဘာလုပ်ဖို့လဲ'

'ဟိုမျက်မှန် နှစ်လက်ကို ရှာဖို့ပေါ့'



## ၁၀၃။ ဘယ်လို ပြင်လိုက်တာလဲ

ကျွန်တော့် အိမ်မှ ရုပ်မြင်သံကြားစက်မှာ အသံမထွက်တော့သဖြင့် အမျိုးမျိုး လုပ်ကြည့်သော်လည်း မည်သို့မျှ အသံက ထွက်မလာပေ။ ထို့ကြောင့် အနီးအနားရှိ ရုပ်မြင်သံကြား ပြင်သော ဆိုင်သို့ အကြောင်းကြားလိုက်ရာ မကြာခင်မှာပင် အစားထိုးပေးထားမည့် ရုပ်မြင်သံကြားစက်တစ်လုံးနှင့်အတူ လူနှစ်ယောက် ရောက်လာလေသည်။ ၎င်းတို့သည် ယူလာသော စက်ကို တပ်ဆင်ပေးပြီး မပြန်ခင် တစ်ယောက်က ကျွန်တော်၏ ရုပ်မြင်သံကြားစက်ကို စစ်ဆေး ကြည့်လေသည်။ ခဏကြာသောအခါ စက်က အသံ ပြန်ထွက်လာလေသည်။ ထိုအခါ ကျွန်တော်လည်း တအံ့တဩနှင့် မေးလိုက်လေသည်။

'ခင်ဗျား ဘယ်လို ပြင်လိုက်တာလဲဟင်'

'ရီမုကွန်ထရိုးက အသံပိတ်ထားတဲ့ ခလုပ်ကို ပြန်ဖွင့်လိုက်တာပါ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၀၄။ ပင်လယ်ထဲမှာ

မြို့တစ်မြို့ရှိ ကလပ်တစ်ခုတွင် ကပွဲတစ်ခု ကျင်းပနေလေရာ စုံတွဲတစ်တွဲသည် ထိုညမှာပင် အသိအကျွမ်း ဖြစ်သွားပြီး စကား ပြောနေကြလေသည်။ ဤသို့နှင့် ယခင် အိမ်ထောင်များအကြောင်းကို ပြောဖြစ်ကြလေသည်။

'ကျွန်မ ယောက်ျားကို ပင်လယ်ထဲမှာ ဆုံးရှုံးခဲ့ရတာပါ' ဟု အမျိုးသမီး ဖြစ်သူက ပြောပြလိုက်သည်။

'သြော် ဟုတ်လား၊ စိတ်မကောင်းပါဘူးဗျာ၊ ဒါနဲ့ သူက ရေမကူးတတ်ဘူးလားဟင်'

'ကျွန်မ ပြောတာ အဲဒီလို မဟုတ်ဘူးရှင့်၊ ပင်လယ်ခရီး သွားတုံး သင်္ဘောပေါ်မှာ ကောင်မလေးတစ်ယောက် လက်ထဲ ပါသွားတာကို ပြောတာရှင့်'

📖



## ၁၀၅။ လေချွန်ရတယ်

ရှုရှု မုဆိုးနှစ်ယောက်သည် လမ်း၌ သွားတွေ့ကြလေသည်။ ထိုအခါ အိုင်ဗန်ဆိုသူက ပြောလိုက်သည်။

'ကျွန်တော် မနေ့က ဆိုရင် ဝက်ဝံ အကြီးကြီး တစ်ကောင် ရခဲ့တယ်ဗျ၊ ဘယ်လောက်ကြီးတယ်ဆိုတာ သူ့အရေခွံသာ ကြည့်ပါတော့ဗျာ'

'အေးဗျာ၊ ခင်ဗျား ဒီလောက်ကြီးတဲ့ အကောင်ကြီးကို ဘယ်လို ရှာတွေ့တာလဲ' ဟု ဆာ့ဂျီက မေးလိုက်သည်။

'ဒါက လွယ်ပါတယ်၊ ဂူတစ်ဂူရှေ့မှာ သွားရပ်လိုက်ဗျာ၊ ပြီး လေတစ်ချက် ချွန်လိုက်တာနှင့် ဝက်ဝံက ထွက်လာလိမ့်မယ်၊ အဲဒီအခါ

www.burmeseclassic.com



အဲဒီအကောင်ကြီးကို သေနတ်နှင့် ပစ်လိုက်ရုံပဲပေါ့ဗျာ' ဟု အိုင်ဗန်က ပြောပြလေသည်။

ရက်ပေါင်းများစွာကြာသည့်အခါ ထိုမုဆိုးနှစ်ယောက် ပြန်တွေ့ကြလေသည်။ ဆာဂျီဆိုသူမှာ တစ်ကိုယ်လုံး ပတ်တီးများ အဖွေးသားနှင့် ဖြစ်နေသည်။

'ခင်ဗျား ကျွန်တော် ပြောတဲ့အတိုင်း မလုပ်ဘူးလား' ဟု အိုင်ဗန်က မေးလိုက်သည်။

'လုပ်တာပေါ့၊ ဂူတစ်ဂူတွေ့တာနဲ့ အဲဒီရှေ့ သွားရပ်ပြီး လေချွန်လိုက်တာပေါ့'

'အဲဒီတော့ ဘာကောင်ကြီး ထွက်လာသလဲ'

'ကျွန်တော် ထင်တာတော့ ဆိုက်ဗေးရီးယား အမြန် ရထားကြီး ဖြစ်မယ်ဗျ'

၁၀၆။ ရှင်းနေရပြီ

ကျွန်မ ချစ်သူ၏ တယ်လီဖုန်း နံပါတ် အသစ်ကို တယ်လီဖုန်း လမ်းညွှန်ကုမ္ပဏီမှ ရသဖြင့် ဆက်လိုက်လေသည်။ ထိုအခါ တစ်ဖက်မှ အမျိုးသမီးတစ်ဦးက လာကိုင်သဖြင့် ကျွန်မက ပြောလိုက်သည်။

'မိုက်တစ်ယောက် ရှိလား ဟင်'

'ရေချိုးနေပါတယ် ရှင်'

'ဒါဆိုရင် ပြောလိုက်ပါ၊ သူ့ရည်းစားက ဆက်တယ်လို့' ဟု ပြောကာ ကျွန်မက ဖုန်းချလိုက်လေသည်။

သို့သော် မိုက်ထံမှ ပြန်မဆက်သဖြင့် ကျွန်မကပင် ထပ်၍ ဆက်လိုက်ပါသည်။ ဤတစ်ကြိမ်တွင် တစ်ဖက်မှ ဖုန်းလာကိုင် သူမှာ အမျိုးသားတစ်ဦး ဖြစ်သည်။ သူက ပြောလိုက်ပါသည်။

'မိုက် ပါ ခင်ဗျာ'

'ရှင် ကျွန်မ ရည်းစားလည်း မဟုတ်ဘူး'

'ကျွန်တော်လည်း သိပါတယ်၊ အဲဒီအကြောင်းကို ကျွန်တော့် မိန်းမကို ရှင်းပြနေရတာ နာရီဝက်လောက် ရှိသွားပါပြီ' ဟု ထိုလူက ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




## ၁၀၇။ ရာသီဉတုခန့်မှန်းချက်

မိုးလေဝသဌာနမှ အရာရှိတစ်ဦးက ပြောလိုက်သည်။

'ဒီနေ့ ညနေမှာ မိုးရွာလိမ့်မယ်'

ထိုအခါ သူ့လက်ထောက် ဝန်ထမ်းက မေးလိုက်သည်။

'ဆရာ သေချာလို့လား'

'သေချာတာပေါ့ကွ၊ ငါ့ရဲ့ ထီးက ပျောက်သွားတယ်၊ ဒီညနေမှာ ငါက ဂေါ့ဖ်ကစားဖို့ စီစဉ်ထားတယ်၊ ပြီးတော့ ငါ့ မိန်းမကလည်း အိမ်က ခြံထဲမှာ ပါတီပွဲ လုပ်ဖို့ ပြင်ဆင်နေတယ်လေ'

## ၁၀၈။ မျိုးစေ့မမှန်လို့


လူနီရိုင်းတစ်ဦးသည် သူ့မိန်းမဖြစ်သူ မကောင်းသဖြင့် ကွာရှင်းလိုကြောင်း အကြီးအကဲထံသို့ လာရောက်တိုင်တန်းနေလေသည်။

'မင်း မိန်းမက ဘယ်လို မကောင်းတာလဲ၊ ပြောပြစမ်းပါဦး'

'မကောင်းတာမှ အတော်ကို မကောင်းတာဗျ။ ကျွန်တော် ပြောင်းစိုက်ရင် ပြောင်းစပါးတွေ ရတယ်ခင်ဗျ၊ ဂျုံစိုက်ရင် ဂျုံစပါး ရတယ်၊ အခုတော့ ကျွန်တော်က လူနီရိုင်းကလေး မွေးအောင် လှပြောတယ်၊ သူက မွေးလာတော့ လူဖြူကလေး ဖြစ်နေတယ်ဗျ၊ ဒါ့ကြောင့် ကျွန်တော် သူနဲ့ ကွာချင်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၀၉။ သိသွားရင်

လေယာဉ်တစ်စင်းသည် ကောင်းကင်ပေါ်သို့ တက်လာပြီးနောက် လေယာဉ်မှူးက တဟားဟားနှင့် အူတက်မတက် ရယ်မောနေသည်ကို ခရီးသည်များက သတိပြုမိလေသည်။ ထို့ကြောင့် ခရီးသည် တစ်ဦးက လေယာဉ်မှူးအား မေးလိုက်သည်။

'ဘာတွေ သဘောကျလို့ ဒီလောက်တောင် ရယ်မောနေရတာလဲဗျ'

'ကျုပ် ထွက်ပြေးလာတာကို စိတ်ကျန်းမာရေးဆေးရုံက လူတွေ သိသွားရင် ဘယ်လို ပြောကြမယ်ဆိုတာ တွေးမိလို့ပါဗျ'

📖

## ၁၁၀။ ဘာကြောင့်

တရားရုံး တစ်ရုံးတွင် အမျိုးသမီးတစ်ဦးအား တရားသူကြီးက မေးမြန်းနေလေသည်။

'ပီတာကို ခင်ဗျား လက်ထပ်ယူတာ ဘာအတွက်ကြောင့်လဲ'

'သူ့မှာ ပိုက်ဆံတွေ အများကြီး ရှိလို့ပါ'

'ကောင်းပြီ၊ ဒါဆိုရင် အခု ဘာကြောင့် သူနဲ့ ကွာရှင်းချင်ရတာလဲ'

'သူ့မှာ ရှိတဲ့ ပိုက်ဆံတွေ အားလုံး ကျွန်မ ရလိုက်ပြီလို့ပါ'

📖

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၁။ မြင်ရမှ

အလုပ်သမားတစ်ယောက်သည် အလုပ်ရှင်ထံ သွားတွေ့ပြီး ပြောလိုက်သည်။

'ကျွန်တော် ခွင့်လိုချင်ပါတယ်၊ လက်ထပ်လိုက်လို့ပါ၊ ပြီးတော့ ကျွန်တော်တို့ ဟန်းနီးမွန်းခရီးလည်း ထွက်ဖို့အစီအစဉ် ရှိပါတယ်'

'ဟန်းနီးမွန်းခရီးအတွက် ခွင့် ဘယ်နှစ်ရက် ယူမှာလဲ'

ထိုအခါ အလုပ်သမား ဖြစ်သူက ဘယ်လို ပြန်ပြောရမှန်း မသိဘဲ ဖြစ်နေပြီး နောက်ဆုံးတွင် ပြောလိုက်သည်။

'ဆရာ၊ ဆရာဆိုရင် ဘယ်နှစ်ရက်လောက် ယူသလဲ ဟင်'

'ဒါတော့ ဘယ်အတတ် ပြောနိုင်မှာလဲ၊ ငါက မင်းယူတဲ့ ကောင်မကလေးကိုမှ မတွေ့ရသေးတာပဲ'

## ၁၁၂။ နောက်ဆက်တွဲ အလုပ်

'ဒီမှာ ရှင့်အဖေဆီက စာလာတယ်၊ အဲဒီ စာခေါင်းစီးမှာ ရှင့်အဖေက သုဘရာဇာ တစ်ယောက်ပါလား'

'ဟုတ်တယ်လေ၊ မင်းက ဘာထင်နေလို့လဲ'

'ရှင် အစက ပြောတုံးက ဆရာဝန်တစ်ယောက်လို့ ပြောတယ် မဟုတ်လား'

'အဲဒီလို တစ်ခါမှ မပြောဖူးပါဘူး'

'ကျွန်မတော့ ရှင် ပြောဖူးတယ်လို့ ထင်တာပဲ'

'ဟာ၊ ငါ ပြောတာက ဆေးပညာ လုပ်ငန်းရဲ့ နောက်ဆက်တွဲ အလုပ်ကို လုပ်တာလို့ပဲ ပြောခဲ့တာပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၃။ ဘာဖြစ်သွားမလဲ

ဗြိတိသျှဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်သူ ဆာအဲလက်ဒေါက်ကလပ်ဟုမ်းသည် တရုတ်ခေါင်းဆောင်ကြီး မော်စီတုံးနှင့် ကမ္ဘာ့နိုင်ငံရေးကိစ္စများကိုဆွေးနွေးရာ တစ်ခါက အကြီးအကျယ် ဒုက္ခရောက်သွားဖူးလေသည်။

ဆာ အဲလက်က မော်စီတုံးအား မေးလိုက်သည်။

'ကျွန်တော် တစ်ခု သိချင်ပါတယ်၊ တကယ်လို့ သမ္မတ ကနေဒီ အစား မစ္စတာ ခရုးရှော့ဟာ အလုပ်ကြုံ ခံရလို့ သေသွားခဲ့ရင် ကမ္ဘာ့နိုင်ငံရေး အခြေအနေ ဘယ်လို ဖြစ်သွားနိုင်မလဲ ဟင်'

မော်စီတုံးသည် တစ်ခဏမျှ ထိုမေးခွန်းကို စဉ်းစားနေလိုက်ပြီးနောက် ပြန်ဖြေလိုက်လေသည်။

'အိုနာစစ်ကတော့ ခရုးရှော့ မိန်းမကြီးကို လက်ထပ်ယူမှာ မဟုတ်ဘူးဗျ'



## ၁၃၄။ သူနည်း နှင့် သူ

အင်ဂျင်နီယာ တစ်ဦး၊ မန်နေဂျာတစ်ဦးနှင့် ကွန်ပျူတာ ပညာရှင်တစ်ဦးတို့သည် ကားတစ်စီးနှင့် ခရီးအတူ သွားကြရာ ကုန်းဆင်းတစ်ခုသို့ အရောက်တွင် မော်တော်ကားသည် ရုတ်တရက် ဘရိတ် ပေါက်သွားသဖြင့် အန္တရာယ်မဖြစ်စေရန် ကားမောင်းသူလည်း လမ်းဘေး မြက်ခင်းထဲသို့ ထိုးမောင်းပြီး အရှိန် သတ်လိုက်ရလေသည်။

ထိုအခါ ကားပေါ်တွင် ပါလာသော ပညာရှင် သုံးဦးလည်း ကားဘရိတ်ပေါက်ရခြင်း အကြောင်းရင်းကို ဆွေးနွေးကြတော့သည်။

မန်နေဂျာ လုပ်သူက စတင်၍ အကြံပေးလေသည်။

'ကျွန်တော်တို့ ကော်မတီ တစ်ခု ဖွဲ့ရမယ်ဗျ၊ ဒါမှ ဆွေးနွေးတိုင်ပင်ပြီး အဖြေ တစ်ခုကို ရှာဖွေနိုင်မှာ ဖြစ်တယ်'

အင်ဂျင်နီယာက ဝင်ပြောလိုက်လေသည်။


'ခင်ဗျားဟာက အချိန် ယူလွန်းပါတယ်ဗျာ၊ မော်တော်ကားရဲ့ ဘရိတ် အစိတ်အပိုင်းကို ဖြုတ်ပြီး စစ်ဆေးဖို့ လိုတယ်ဗျ၊ ဒီတော့မှ ဘယ်နေရာက ချို့ယွင်းနေတယ်ဆိုတာကို သိရပြီး ပြင်ဆင်နိုင်တာပေါ့'

ကွန်ပျူတာ ပညာရှင်က နောက်ဆုံးတွင် ဤသို့ ဝင်ရောက်ပြောလိုက်လေသည်။

'ခင်ဗျားတို့ နှစ်ယောက်စလုံး မဟုတ်သေးပါဘူးဗျာ၊ တကယ်တော့ ကျွန်တော်တို့ အားလုံး ဒီကားကို တောင်ကုန်း ထိပ်ကို ပြန်ပြီး တွန်းတင်ရမယ်၊ ပြီးတော့မှ တောင်ကုန်းထိပ်ကနေ ခုနကလို မောင်းပြီး ဘယ်နေရာမှာ ဘယ်လို ဖြစ်သွားတယ်ဆိုတာ စောင့်ကြည့်ရုံ ပြီးတာ ပါပဲဗျာ'

www.burmeseclassic.com

www.burmeseclassic.com




## ၁၁၅။ နေရာရှိသေးလျှင်

ကျွန်တော်သည် ကိုင်ရိုရှိ သတင်းစာတစ်စောင်တွင် ညပိုင်း အယ်ဒီတာ လုပ်နေစဉ်က ဖြစ်သည်။ တစ်ညသ၌ အတော်နောက်ကျမှ နာရေးကြော်ငြာ တစ်ခု ရောက်လာလေသည်။ နောက်တစ်နေ့ သတင်းစာမှာလဲ ဖောင် ပိတ်လုနီးနီး ဖြစ်နေ၍ ကျွန်တော်သည် ထိုနာရေးကြော်ငြာကို 'နေရာရှိ သေးလျှင် ထည့်ရန်' ဟု မှတ်ချက်ရေးပြီး ပုံနှိပ်ဌာနသို့ ပို့လိုက်လေသည်။

နောက်တစ်နေ့ သတင်းစာ ထွက်လာသောအခါ ထိုနာရေး ကြော်ငြာသည် အောက်ပါအတိုင်း ပါလာလေတော့သည်။

ဘုရားသခင်သည် ကွယ်လွန်သူအပေါ် ကရုဏာ ထားတော်မူ၍ ကောင်းကင်ဘုံ၌ တမန်တော် နတ်သားများနှင့် အတူ စံစားခွင့် ပေးသနားတော်မူပါ။ နေရာရှိသေးလျှင်။

## ၁၁၆။ မနှစ်တုန်းကလို

ခရီးသည် တစ်ယောက်သည် လေဆိပ် လက်မှတ်ကောင်တာသို့ ရောက် လာပြီး အိတ်သုံးအိတ်ကို ကောင်တာပေါ်သို့ တင်၍ ပြောလိုက်သည်။

'ဒီအိတ်အကြီးဆုံးကို တိုကျိုကို ပို့ပေးပါ၊ အညိုရောင် အိတ် ကိုတော့ မော်ရိုကို ပို့ချင်တယ်၊ အပြာရောင် အိတ်ကတော့ လော့အိန် ဂျယ်လိကို ပို့ပေးပါ'


လေဆိပ်ကောင်တာမှ စာရေးသည် ခေါင်းယမ်းလိုက်ပြီး ပြန် ပြောလိုက်သည်။

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ အဲဒီလို မဆောင်ရွက် ပေးနိုင်ပါဘူး'

'ဘာပြောတယ်၊ မဆောင်ရွက်နိုင်ဘူး ဟုတ်လား၊ မနှစ်တုန်း ကတော့ မင်းတို့ အဲဒီအတိုင်း ဆောင်ရွက်ပေးလိုက်တယ်ကွ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၁၇။ ကောင်းသေးလား

လူတစ်ယောက်သည် သူ့အိမ်သို့ မိတ်ဆွေ တစ်ယောက်အား ထမင်းစား ခေါ်လာလေသည်။ အိမ်ရောက်သောအခါ ထိုသူသည် ဇနီးဖြစ်သူအား နမ်း၍ ကြင်ကြင်နာနာ ပြောဆိုသည်ကို တွေ့ရလေသည်။ ညစာ စားပြီးသောအခါတွင်လည်း တစ်ကြိမ် ထပ်နမ်းလိုက်ပြီး ညစာမှာ အလွန်ကောင်းကြောင်း ချီးမွမ်းပြန်လေသည်။ ဧည့်သည်ဖြစ်သူမှာ ထိုသူ၏ အပြုအမူများကို ကြည့်၍ စဉ်းစားနေလေသည်။ ထို့နောက် ထိုသူအား မေးကြည့်သည်။



‘နေပါဦး သူငယ်ချင်း၊ မင်း နေ့တိုင်း အိမ်ရောက်တာနှင့် ဒီလိုပဲ ကြင်ကြင်နာနာ ပြောဆို နှုတ်ဆက်ပြီး မင်း မိန်းမကို အမြဲတမ်း နမ်းတာပဲလား’

‘အေးလေ၊ ဒီလို လုပ်လာတာ အနှစ် နှစ်ဆယ်ရှိပြီကွ၊ တစ်ရက်မှ မပျက်သေးဘူး’

‘အေးကွာ၊ ငါကတော့ ရှက်ဖို့တောင် ကောင်းနေပြီ၊ ငါ အိမ်ထောင်သက် ဆယ့်ငါးနှစ်ရှိပြီ၊ တစ်ခါမှ မင်းလို မလုပ်ဖူးဘူး၊ အေး၊ ဒီနေ့တော့ ကိုယ့်ကိုကိုယ် ပြောင်းလဲရတော့မှာပေါ့ကွာ’

ဧည့်သည့်လုပ်သူလည်း သူ့အိမ် ပြန်ရောက်သောအခါ ဇနီးဖြစ်သူအား ပြောလိုက်သည်။

‘အချစ်ရေ မင်းဒီနေ့ ပိုလှနေပါလား၊ မောင့်အတွက် ဘာဟင်းတွေ ချက်ထားသလဲ’

ထိုသို့ ပြောလိုက်ပြီး ဇနီး ဖြစ်သူအားလည်း ဖက်၍ နမ်းလိုက်လေသည်။ ဇနီးသည်လည်း ချုံးပွဲချ ငိုလေတော့သည်။ ယောက်ျားဖြစ်သူလည်း ပြာပြာသလဲ မေးလိုက်သည်။

‘ဘာဖြစ်လို့လဲ ဟင်’

‘အို အားလုံးပဲရှင့်၊ ဒီနေ့တစ်နေ့လုံး တစ်ခုမှ အဆင်မပြေဘူး၊ ဂျွန်နီက ဝက်သက်ပေါက်နေတယ်၊ ရေခဲသေတ္တာကလဲ ပျက်သွားတယ်၊ ညစာလဲ ချက်ရင်း တူးကုန်တယ်၊ အခု ရှင်ကလဲ အရက်မူးပြီး ပြန်လာတယ်၊ ကောင်းသေးလားရှင့်’

www.burmeseclassic.com

www.burmeseclassic.com

## ၁၁၈။ မင်း ထင်လို့ပါ

သူငယ်ချင်း နှစ်ယောက်သည် တစ်နေ့တွင် လမ်း၌ ဆုံမိကြရာ တစ်ယောက်က ပြောလိုက်သည်။

'သူငယ်ချင်း မင်းအိမ်က ပြတင်းပေါက် ခန်းဆီးတွေ ညဆိုရင် ချထားသင့်တယ်ကွ'

'ခန်းဆီးချထားရမယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'ဒီလိုကွ၊ မနေ့ညက မင်းတို့ အိမ်နားရောက်တော့ မင်း မိန်းမက မင်းပေါင်ပေါ်မှာ ထိုင်နေတာ တွေ့လိုက်လို့ကွ၊ လူ အမြင်မတော်ဘူး ပေါ့ကွာ'

'ဘယ်အချိန်လောက်ကလဲ'

'ည ကိုးနာရီလောက် ရှိပြီကွ'

'ဒါဆိုရင် မင်း ထင်လို့ပါကွာ၊ မနေ့ည ကိုးနာရီလောက်မှာ ငါ အိမ်ပြန် မရောက်သေးပါဘူး'



## ၁၁၉။ အိပ်ရတော့မှာဆိုတော့

လူငယ်တစ်ယောက်သည် မိမိ ရည်းစားဖြစ်သူ၏ အိမ်သို့ ပထမဆုံး အကြိမ် အလည်သွားရာ မိန်းကလေး၏ မိဘများနှင့်ပါ တွေ့ဆုံရပြီး အဆင်ပြေလျက် ရှိလေသည်။ မိန်းကလေး၏ မိဘများကလည်း သူ့အား သဘောကျလျက် ရှိသဖြင့် လူငယ်ကလေးလည်း အလွန် ပျော်လျက် ရှိလေသည်။ သို့နှင့် ပြန်ရန် အထတွင် ရုတ်တရက် လေကြီးမိုးကြီး ကျလာလေရာ ချက်ချင်း ပြန်ရန် မဖြစ်တော့ဘဲ မိုးတိတ်အောင် စောင့်ရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိုးမှာ မတိတ်သည့်အပြင် မုန်တိုင်းပါ ကျလာသော ကြောင့် ပြန်၍မရ ဖြစ်နေလေ၏။ တဖြည်းဖြည်း ညက နက်သည်ထက် နက်လာသဖြင့် မိန်းကလေး၏ မိခင်က ပြောလိုက်သည်။

'ကဲ နော်မန်ရေ၊ မုန်တိုင်းကလဲ စဲမယ့်ပုံ မပေါ်ဘူး၊ ဒီတော့ မင်း ဒီညတော့ တို့အိမ်မှာပဲ အိပ်ပေတော့'

'ဟာ နေပါစေ ဒေါ်ဒေါ်၊ အလကား ဒုက္ခရှာလို့၊ ရပါတယ် တော်ကြာဆိုရင် လေရော မိုးရော ငြိမ်သွားမှာပါ'

'ဘာမှ အားနာစရာ မလိုဘူးကွဲ့၊ တို့မှာ အခန်းလွတ် ရှိပါတယ်'

'ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်'

'မေရီနဲ့ ငါက အပေါ်ထပ်မှာ အိပ်မယ်၊ မင်းက ဒီ အောက်ထပ် မှာ အိပ်ပေါ့'

သို့နှင့် မေရီနှင့် သူ့အမေတို့လည်း အိမ်ပေါ် တက်သွားလေ၏။ မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ အောက်ထပ်က ဘာအသံမှ မကြား ရသဖြင့် သားအမိ နှစ်ယောက် ဆင်းကြည့်ကြလေသည်။

ထိုအခါ နော်မန် ဆိုသူကို လုံးဝ မတွေ့ရဘဲ ပျောက်ခြင်းမလှ ပျောက်နေသည်ကိုသာ တွေ့ရလေ၏။ သားအမိ နှစ်ယောက်လည်း နော်မန် ပျောက်သွားပုံကို စဉ်းစားမရသဖြင့် ဧည့်ခန်းထဲထိုင်ရင်း မတွေး တတ်အောင် ဖြစ်နေ၏။ မကြာခင်မှာပင် တံခါးမှ ခေါင်းလောင်းသံမြည် လာရာ မေရီက အပြေးသွားပြီး ဖွင့်လိုက်လေရာ နော်မန် ဖြစ်နေသည်။

နော်မန်မှာ တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် ကြွက်စုတ် ဖြစ်နေလေ၏။ မေရီက တအံ့တသြနှင့် မေးလိုက်သည်။

'နော်မန်၊ ရှင် ဘယ်သွားနေတာလဲ'

'အိမ်ပြန်ပြီး ညဝတ်အင်္ကျီ ပြန်ယူတာလေ'

📖



## ၁၂၀။ ဆက်ကူပါ

အလွန်တရာမှ သာယာလှပသော ညတစ်ညတွင် လူငယ် တစ်ယောက် သည် သူ့၏ ချစ်သူနှင့်အတူ ထိုင်ရင်း တီတီတာတာ စကား ဖွတ်ထိုး လျက် ရှိသည်။ သည်လို ညမျိုးကို ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ကြောင်း ပြောရင်း မိန်းမပျို ကလေး၏ လှပသော မျက်လုံးအစုံမှ မျက်ရည်များ စီးဆင်းကျလာလေသည်။

ယောက်ျားဖျိုကလေးက မွေ့ဖက်၍ ချော့မြူရင်း ပြောလိုက် သည်။

'အချစ် မငိုပါနဲ့ကွယ်၊ မင်းရဲ့ မျက်ရည်စတွေကို ကိုယ့်ရဲ့ အနမ်းတွေနှင့် သုတ်ပေးပါမယ်'

မိန်းမပျိုကလေးကို ရင်ခွင်ထဲ ဆွဲယူပြီး ယောက်ျား ကလေးက ထပ်ကာထပ်ကာ နမ်းလိုက်လေသည်။ ဤသို့ မနေမနား နမ်းရှုံ့နေ သော်လည်း မိန်းမပျိုကလေး၏ မျက်ရည်တို့မှာ ကျမြဲကျလျက် ရှိသဖြင့် မေးလိုက်သည်။

'အချစ်ရယ်၊ ဘာဖြစ်လို့ မျက်ရည်တွေက ကျနေရသေးတာလဲ'

'မဟုတ်ဘူး မောင်၊ မဟုတ်ဘူး၊ မျက်ရည်ကျတာက ခင့်ရဲ့ ရောဂါကြောင့်ပါ၊ ဒါပေမယ့် မောင့် အနမ်းနဲ့ ခင့်မျက်ရည်တွေကို ဆက်သုတ်ပေးပါဦး မောင်ရယ်'

📖

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၁။ ခြသေ့ဦးခေါင်း

ခရီးသည်တစ်ယောက်သည် ဆိုင်တစ်ဆိုင်သို့ ရောက်လာရာ ထိုဆိုင်၏ အရောင်းကောင်တာ နောက်ရှိ တံခါးပေါ်တွင် ချိတ်ဆွဲထားသော မယော်ဂနီသစ်ပြားပေါ်မှ ခြသေ့ဦးခေါင်းကြီးကိုကြည့်ကာမေးလိုက်သည်။

'ဒီလို ဂုဏ်ယူစရာကောင်းတဲ့ အောင်ပွဲခံ ဆုလာဘ်ကြီးရဲ့ နောက်ကွယ်မှာ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ခုတော့ ရှိမှာပဲနော်'

'ဒီကောင်ကြီးက ကျုပ်မိန်းမကို သတ်လိုက်တာလေ' ဟု ဆိုင်ပိုင်ရှင်က မျက်နှာထား ခပ်တင်းတင်းနှင့် ပြန်ပြောလိုက်သည်။

'ဘယ်မှာလဲ ဟင်၊ အာဖရိကမှာလား'

'မဟုတ်ဘူးဗျ၊ ဒီတံခါးပေါ်ကနေ ကျုပ်မိန်းမ ခေါင်းပေါ်ကို ပြုတ်ကျသွားတာလေ'

📖

## ၁၂၂။ သူ့ဦးလေး

လူတစ်ယောက်သည် သူနှင့်အတူ နေသော ဦးလေးတော်တစ်ယောက်နှင့် ပတ်သက်၍ မိတ်ဆွေတစ်ဦးအား မကျေမနပ် ပြောပြနေသည်။

'ငါ့အကျႌတွေ ယူ ယူ ဝတ်တာ ငါ ဘာမှ မပြောပါဘူးကွာ၊ ပြီးတော့ ငါ သောက်တဲ့ အကောင်းစား ဆေးပြင်းလိပ်တွေ ယူသောက်တာရယ်၊ ငါ အကြိုက်ဆုံး ဝိုင်အရက်တွေ သောက်တာရယ်၊ နောက်ကွာ ငါ့ ကားကို ယူ ယူ မောင်းတာတွေလဲ ငါ ဘာမှ မပြောခဲ့ဘူးကွာ၊ ဒါပေမယ့်ကွာ၊ ထမင်းစားပွဲ ထိုင်ပြီး ငါ့ကို ငါ့သွားတုတွေနဲ့ ဖြီးပြတာတော့ နည်းနည်း လွန်လွန်းတယ်လို့ ထင်တယ်ကွာ'

📖

www.burmeseclassic.com


www.burmeseclassic.com

## ၁၂၃။ လစာတိုးပေးခြင်း

အလုပ်ရှင် တစ်ယောက်သည် သူ့အလုပ်သမား တစ်ယောက်အား ပြောလိုက်လေသည်။

'ဒီမှာ မင်းကို တရားဝင် လစာတိုးပေးလိုက်တဲ့ အကြောင်းကြားစာ၊ ဗျွန်၊ ဒါဆိုရင် မင်းသဘောကျကျေနပ်လိမ့်မယ်လို့ ငါ ထင်ပါတယ်'

'အများကြီး ကျေးဇူးတင်ပါတယ် ဆရာ၊ ဒီမှာ ပြီးခဲ့တဲ့ ဆရာ့ရဲ့ ခရစ်စမတ်ပါတီတုန်းက အသံဖမ်းထားတဲ့ တိတ်ခွေပါ ဆရာ'



## ၁၂၄။ မထားခဲ့ပါဘူး

လေယာဉ်နှင့် တစ်ခါမှခရီးမသွားဘူးသောကြောင့် အဘွားအိုတစ်ဦးသည် စိုးရိမ်ထိတ်လန့်လျက်ရှိသည်။ ထို့ကြောင့် လေယာဉ်ပေါ်ရောက်သည်နှင့် လေယာဉ်မှူးထံသွား၍ သူ ထိတ်လန့်ကြောက်ရွံ့နေပုံကိုပြောပြလိုက်သည်။

'ဒါကြောင့် လူလေးရယ်၊ အဘွားကို မြေပြင်ပေါ်ကို ဘေးကင်းရန်ကင်းနှင့် ရောက်အောင် လူလေး လုပ်ပေးပါနော်'

'စိတ်ချပါ အဘွား၊ ကျွန်တော် ဒီနေ့အထိ ကောင်းကင်ထဲမှာ တစ်ယောက်ကိုမှ ထားမပစ်ခဲ့သေးပါဘူး' ဟု ရယ်ရယ်မောမောနှင့် လေယာဉ်မှူးက ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

## ၁၂၅။ ပိုသလား

မိန်းကလေးတစ်ဦးသည် သူ့ရည်းစားဖြစ်သူအား ပြောလိုက်သည်။

'မောင်က ကျွန်မထက် ဘောလုံးပွဲကို ပိုပြီး နှစ်သက်တယ် မဟုတ်လား'

'ဒါက ဒီလိုပါကွာ၊ နောက်ဆိုရင် မင်းကိုလေ ကိုယ်က ပြေးခုန်ပစ်ပြိုင်ပွဲတို့၊ ရေကူးပြိုင်ပွဲတို့၊ မြင်းစီးပြိုင်ပွဲတို့ကိုလည်း ခေါ်သွားဦးမှာပါ'

📖



## ၁၂၆။ ကျန်တဲ့ လူတွေက

အမေရိကန်လူမျိုးတစ်ယောက်၊ စကော့ တစ်ယောက်နှင့် ကနေဒါနိုင်ငံသား တစ်ယောက်တို့သည် ကားတစ်စီးနှင့် ခရီး အတူသွားရင်း ယာဉ်တိုက်မှုဖြစ်ပွားရာ သုံးယောက်စလုံး နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားကြလေသည်။ ဤသို့နှင့် သူတို့သုံးယောက်သည် ကောင်းကင်ဘုံအဝင်မုခ်ဦး ရှိရာသို့ ရောက်သွားကြလေသည်။ ပျာလောင်ခတ်နေသော စိန့်ပီတာက သူတို့အား မှားယွင်းသွား၍ အခုလို ဖြစ်ရကြောင်းကို ရှင်းပြလေသည်။ 'ဒေါ်လာ ၅၀၀ စီ ကျုပ်ကိုပေးရင် ခင်ဗျားတို့ ဘာမှမဖြစ်ခဲ့သလို မြေကမ္ဘာကို ပြန်ပို့ပေးမယ်' ဟု စိန့်ပီတာက ပြောလိုက်သည်။

www.burmeseclassic.com



အမေရိကန်က 'ကောင်းပြီ' ဟု ပြောလိုက်သည်။ ထိုခဏမှာပင် ကားတိုက်မှု ဖြစ်ပွားခဲ့သော နေရာသို့ အမေရိကန်က ပြန်ရောက်သွားလေသည်။

ထိုအခါ ကျန်းမာရေးဝန်ထမ်း တစ်ဦးက အမေရိကန်အား မေးလိုက်သည်။

'ဟိုနှစ်ယောက် ဘယ်မှာ ကျန်ရစ်ခဲ့သလဲ၊ ဟင်'

'နောက်ဆုံး ကျွန်တော် သိလိုက်တာကတော့ စကော့လူမျိုးက စိန့်ပီတာကို ဈေးဆစ်နေတယ်၊ ကနေဒါ ကောင်ကတော့ အဲဒီငွေကို သူ့အတွက် သူ့အစိုးရက ပေးလိမ့်မယ်လို့ ပြောနေကြတာပဲဗျ'

## ၁၂၇။ ဓားခုတ်ပြိုင်ပွဲ


ကမ္ဘာ့အကောင်းဆုံး ဓားခုတ်ပြိုင်ပွဲဝင်များ၏ အစွမ်းပြပွဲကို ပြုလုပ်လျက်ရှိရာ ပထမဆုံး ကမ္ဘာ့အကောင်းဆုံး တတိယဆုရ ဓားသမား ထွက်လာလေသည်။ ထိုအခါ ယင်ကောင်တစ်ကောင်ကို လွှတ်လိုက်သည်။ ထိုဓားသမားက ဓားကို ဆွဲထုတ်လိုက်ပြီး တစ်ချက်ဝှေ့ယမ်းလိုက်ရာ ယင်ကောင်မှာ နှစ်ပိုင်းပြတ်သွားလေသည်။ ဒုတိယဆုရ ဓားသမား အလှည့်တွင် ယင်ကောင်မှာ လေးပိုင်း ပြတ်သွားလေသည်။ ဤသို့ဖြင့် အကောင်းဆုံး ဓားသမားအလှည့် ရောက်လာလေသည်။ သူ့ဓားချက် ဝှေ့ယမ်းလိုက်ရာ ယင်ကောင်မှာ ဆက်လက် ပျံသန်းသွားလေသည်။ ပရိသတ်ကြီးမှာ တအံ့တသြ ဖြစ်သွားကြလေသည်။ ကမ္ဘာ့အကောင်းဆုံး ဓားသမားအလှည့် ဓားချက်လွဲသွားပြီဟု အားလုံးက ထင်လိုက်လေသည်။ သို့သော် ထိုဓားသမား၏ မျက်နှာပေါ်တွင် ကျေနပ်နေသော အပြုံးကို တွေ့ရလေသည်။ ထိုအခါ ပရိသတ်ထဲမှ တစ်ယောက်က လှမ်းမေးလိုက်သည်။

'ခင်ဗျားရဲ့ ဓားချက် လွဲသွားတာတောင် ဘာဖြစ်လို့ ခင်ဗျားက ပြုံးပျော်နေရတာလဲ'

'ဒီလိုဗျ၊ ခင်ဗျားတို့က သေသေချာချာမှ ကြည့်မနေဘဲ၊ အဲဒီယင်ကောင် သေတော့ မသေဘူးပေါ့၊ ဒါပေမဲ့ အဲဒီကောင်က ဘယ်တော့မှ အဖေ တစ်ယောက် မဖြစ်နိုင်တော့ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



## ၁၂၈။ ရှက်စရာ

တစ်ခါက နှမြောတွန့်တိုတတ်သော အဘိုးအိုတစ်ယောက်သည် သူ့သေခါနီးတွင် သူ့ဆရာဝန်၊ သူ့ရှေ့နေနှင့် ဓမ္မဆရာတို့ကို ခေါ်တွေ့လေသည်။

'ခင်ဗျားတို့က ကျွန်တော် သေရင် ငွေကြေးဥစ္စာတွေကို ယူသွားလို့ မရဘူးလို့ ပြောကြတယ် မဟုတ်လား၊ ဒါပေမယ့် ကျုပ်က ရအောင် ယူသွားပြမယ်၊ ဒီမှာ စာအိတ်သုံးအိတ်၊ အဲဒီအထဲမှာ ဒေါ်လာ ၃၀၀၀၀ စီ ထည့်ထားတယ်၊ အဲဒီ စာအိတ်တွေကို ခင်ဗျားတို့ တစ်ယောက်ကို တစ်အိတ်စီ ယူထားပါ၊ ကျုပ် သေတဲ့အခါ ကျုပ်ရဲ့ ခေါင်းထဲမှာ အဲဒီ စာအိတ်တွေကို ခင်ဗျားတို့က ထည့်ပေးဖို့ပါပဲ'



အသုဘအခန်းအနားတွင် ထိုလူသုံးယောက်လည်း ပြောခဲ့သည့်အတိုင်း စာအိတ်များကို အဘိုးအို၏ ခေါင်းထဲသို့ ထည့်ပေးလိုက်ကြလေသည်။ အသုဘအခမ်းအနားမှ အိမ်အပြန်တွင် ဓမ္မဆရာက ဖွင့်ဟဝန်ခံလိုက်လေသည်။

'ကျွန်တော်တော့ဗျာ၊ ဘုရားကျောင်းမှာ လိုအပ်နေတာတွေရှိတာနဲ့ ဒေါ်လာ တစ်သောင်းကို ယူထားလိုက်ပြီး စာအိတ်ထဲမှာ ဒေါ်လာ နှစ်သောင်းပဲ ထည့်ပေးလိုက်တယ်ဗျာ'

ထို့နောက် ဆရာဝန် ဖြစ်သူကလည်း ပြောလိုက်သည်။

'ကျွန်တော်လည်း အဲဒီလိုပါပဲဗျာ၊ ကျွန်တော့်ဆေးခန်းကို ပြန်ပြင်ဆောက်နေတာ ငွေလိုနေလို့ ဒေါ်လာနှစ်သောင်း ယူထားလိုက်ပါတယ်၊ စာအိပ်ထဲမှာတော့ ဒေါ်လာ တစ်သောင်းပဲ ထည့်ပေးလိုက်တယ်ဗျ'

ထိုအခါ ရှေ့နေက ပြောလိုက်သည်။

'ခင်ဗျားတို့အတွက် ကျွန်တော်တော့ အတော်ကို ရှက်မိတယ်ဗျာ၊ ကျွန်တော်ဆိုရင် အဲဒီ ငွေအားလုံးကို အတိအကျ ချက်လက်မှတ်ပေါ်မှာ ရေးပြီး သူ့ခေါင်းထဲ ထည့်ပေးလိုက်ပါတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၂၉။ အပြစ်ပေးဖို့

ဒေါသထွက်နေသော ဖခင်တစ်ယောက်က သူ့မိတ်ဆွေတစ်ဦးအား ပြောပြနေလေသည်။

'ကျွန်တော်တို့ ငယ်ငယ်တုန်းက မိဘတွေက အပြစ်ပေးတဲ့အနေနဲ့ ညစာ မစားရပဲ ကိုယ့်အခန်းထဲမှာ သွားနေရတယ်ဗျ။ အခုတော့ဗျာ၊ ကျုပ်သားရဲ့အခန်းမှာ တီဗီလည်း ရှိတယ်၊ ဖုန်းလည်း ရှိတယ်၊ ပြီးတော့ ကွန်ပျူတာရော စီဒီရော ရှိတယ်ဗျ'

'အဲဒီတော့ ခင်ဗျား ဘယ်လို လုပ်သလဲ'

'ကျုပ်သားကို ကျုပ်အခန်းထဲ ပို့လိုက်ရတာပေါ့ဗျာ'




## ၁၃၀။ လူစားဝင်တာ

လူတစ်ယောက်သည် တောင်းရမ်းနေသော မျက်မမြင်တစ်ဦး၏ ခွက်ထဲသို့ ငွေအကြေစေ့ တစ်စေ့ကို ပစ်ထည့်လိုက်သည်။ သို့သော် ထိုအကြေစေ့မှာ ခွက်ထဲမရောက်ပဲ လမ်းပေါ်လိမ့်သွားရာ မျက်မမြင်က လိုက်ကောက်လေသည်။ ထိုအခါ ပိုက်ဆံကို ပစ်ထည့်သူက မေးလိုက်သည်။

'ဟော့ကောင်၊ မင်းက မျက်မမြင်တစ်ယောက် ဆိုကွ'

'ကျွန်တော် အမြဲတမ်း မျက်မမြင်တစ်ယောက် မဟုတ်ပါဘူး၊ ဒီမှာ တောင်းနေကျ ကျွန်တော့် သူငယ်ချင်း မျက်မမြင်အတွက် ခဏဝင်တောင်းပေးတာပါ၊ သူက ရုပ်ရှင်သွားကြည့်နေလို့လေ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၃၁။ ကျွန်မတို့နှင့်

လက်ထပ်ပြီးစ အမျိုးသမီးတစ်ဦးသည် လင်ယောကျ်ား ဖြစ်သူမှာ အကြီးအကျယ် စိတ်ဓာတ်ကျနေသဖြင့် မေးလိုက်သည်။

'ရှော့ အချစ်ရယ်၊ ဘာတွေ ဖြစ်နေတာလဲ၊ ကျွန်မကို ပြောပြပါလား၊ 'ရှင့် စိတ်ထိခိုက်စရာတွေ ရှိရင်လည်း အခုဆိုရင် ရှင်ရော ကျွန်မနဲ့ရော ဆိုင်သွားပြီလေ'

'အင်း ဟုတ်ပြီလေ၊ ဒီလိုပါကွာ၊ ဒီထရေးမြို့က ကောင်မလေး တစ်ယောက်ဆီက စာတစ်စောင် ရလို့ပါ၊ အဲဒီ စာထဲမှာ သူ့ကို လက်ထပ်မယ်လို့ ကတိပေးထားတာ ကတိဖျက်မှုနဲ့ ကိုယ့်ကို တရားစွဲထားလို့ပါ'



## ၁၃၂။ ရှက်စရာမရှိပါဘူး

အမျိုးသမီးတစ်ယောက်သည် နာမည်ကြီး စားသောက်ဆိုင် တစ်ဆိုင်တွင် ဝင်ရောက်စားသောက်ပြီးနောက် ပိုက်ဆံပေးခါနီးတွင် ပိုက်ဆံအိပ်မှာ အိမ်တွင် ကျန်ရစ်သည်ကို သိသွားသဖြင့် ဆိုင်ပိုင်ရှင်အား အခုချက်ချင်း ငွေ မရှင်းနိုင်သေးကြောင်းကို ပြောပြလေသည်။ ထိုအခါ ဆိုင်ပိုင်ရှင်က ပြန်ပြောလေသည်။

'ရပါတယ်၊ ခင်ဗျားကို ကျွန်တော် ယုံကြည်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်က မေ့တတ်တော့ ဟိုကြော်ငြာသင်ပုန်းပေါ်မှာ ခင်ဗျား နာမည်နဲ့ ကျသင့်ငွေကို ရေးထားမှ ဖြစ်မယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်၊ ဒါဆိုရင် လူတွေက ကျွန်မနှာမည်ကို တွေ့ကြမှာပေါ့၊ ရှက်စရာ ကောင်းလိုက်တာရှင်'

'ဟာ ရှက်စရာ မရှိပါဘူး၊ ခင်ဗျားနှာမည်ကို မမြင်ရအောင် အခု ခင်ဗျားဝတ်လာတဲ့ သားမွေးအင်္ကျီနဲ့ ဖုံးထားပေးပါမယ်'

## ၁၃၃။ ကြည့်ပြီးမှ

အသံမပေးဘဲနှင့် အမျိုးသမီးတစ်ဦး၏ အခန်းထဲသို့ အခန်းစောင့်ကောင်လေး တစ်ယောက်ဝင်လာပြီး စာတစ်စောင် လာပေးလေသည်။ အမျိုးသမီးလည်း အကြီးအကျယ် စိတ်အနှောက်အယှက် ဖြစ်သွားပြီး အခန်းစောင့် ကောင်လေးအား ပြစ်တင် ပြောဆိုလိုက်သည်။

'မင်း နောက်ဆိုရင် သတိထားပါ၊ တစ်ယောက်ယောက်ရဲ့ အခန်းထဲကို ဝင်တော့မယ်ဆိုရင် အသံကလေး ဘာလေး ပေးမှပေါ့ကွ၊ တကယ်လို့ ငါက အဝတ်လဲနေတယ် ဆိုပါတော့၊ မင်းဘယ်လို လုပ်မလဲ'

'ဒီအတွက်တော့ မပူပါနှင့် အစ်မကြီးရာ၊ ကျွန်တော်က သော့ပေါက်ကနေ ချောင်းကြည့်ပြီးမှ အခန်းထဲ ဝင်တာပါ'

www.burmeseclassic.com

www.burmeseclassic.com

## ၁၃၄။ ပြောနေရင်

လိပ်သတ္တဝါများသည် တစ်နေ့တွင် ပိုကာဆော့ခ်ဲနေကြရင်း သောက်စရာ ဘီယာ ကုန်သွားလေသည်။ ထို့ကြောင့် သူတို့အထဲက လိပ်တစ်ကောင်ကို ဘီယာသွားဝယ်ရန် လွှတ်လိုက်လေသည်။ ဤသို့နှင့် စောင့်နေရာ နှစ်ရက် ရှိသွားပြီးနောက် လိပ်တစ်ကောင်က စိတ်မရှည်နိုင်တော့ဘဲ ပြောလိုက်သည်။

'တော်မီဆိုတဲ့ အကောင်ဟာ သိပ်ကို နှေးကွေးတာပဲကွာ'

'မင်းတို့ ငါ့နောက်ကွယ်မှာ အဲဒီလို ပြောဆိုနေရင်၊ ငါ သွားမဝယ်တော့ဘူး'



## ၁၃၅။ ထူးဆန်းတယ်

စကော့လူငယ်တစ်ယောက်သည် မိမိဖာသာ တစ်ယောက်တည်း အခန်းငှားနေလေရာ မိဘဖြစ်သူများက တစ်လလောက်အကြာတွင် ဖုန်းဆက်ပြီး အခြေအနေကို မေးကြည့်လေသည်။

'သားရဲ့ အိမ်နီးနားချင်းတွေက သဘောကောင်းရဲ့လား' ဟု မိခင်ကြီးက မေးလိုက်သည်။

'အတော်ကြီးကို ထူးဆန်းတာပဲ မေမေ၊ တစ်ဖက်ခန်းက လူ ဆိုရင် နံရံကို သူ့ခေါင်းနှင့် ပြေးပြေးဆောင့်တယ်၊ ဟိုတစ်ဖက်က အမျိုးသမီးကတော့ ကြမ်းပြင်ပေါ်လှဲချပြီး အော်ဟစ် ငိုနေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မေမေသာ သားနေရာမှာဆိုရင် ကိုယ့်ဖာသာကိုယ် မသိချင်ယောင် ဆောင်နေလိုက်မှာပဲ'


'သားလည်း အဲဒီလိုပဲ နေတာပါပဲ၊ အခန်းထဲမှာပဲ တစ်နေကုန်နေပြီး ပုလွေ မှုတ်နေလိုက်တာပေါ့'

## ၁၃၆။ ချိန်းလိုက်ပါ

ခွဲနပ် ကြီးမားလှသော အရောင်းကိုယ်စားလှယ် တစ်ဦးသည် စက်ရုံတစ်ရုံ၏ မန်နေဂျာနှင့် တွေ့ဆုံရန် ရက်ပေါင်းများစွာ ကြိုးစားလေရာ နောက်ဆုံးတွင် တယ်လီဖုန်းနှင့် အဆက်အသွယ် ရပြီး တွေ့ဆုံခွင့် တောင်းလိုက်သည်။

'ခင်ဗျား ကျွန်တော့် အတွင်းရေးမှူးနှင့် အရင်ဆုံး ချိန်းပါဗျာ'

'ကျွန်တော် အတွင်းရေးမှူးမလေးနှင့် ချိန်းလို့ တွေ့ဆုံပြီးပါပြီ၊ အတော်ကို နိပ်တဲ့ ကောင်မလေးပဲခင်ဗျာ၊ ဒါပေမယ့် ကျွန်တော်က ခင်ဗျားနဲ့ တွေ့ချင်နေသေးလို့ပါ'



## ၁၃၇။ တတိယ ယောက်ျား

ဟိုတယ်တစ်ခု၏ ရေကူးကန်နံဘေး ထိုင်နေသော အမျိုးသမီးတစ်ဦးက အနီးရှိ အမျိုးသားတစ်ဦးအား စိုက်ကြည့်နေရာ အမျိုးသားဖြစ်သူမှာ မနေတတ် မထိုင်တတ် ဖြစ်လာပြီး အမျိုးသမီးဆီသို့ လျှောက်သွားကာ ပြောလိုက်သည်။

'ကျွန်တော် ခင်ဗျားရဲ့ မျက်နှာကို ဘယ်လိုမှ မမှတ်မိဘူး ဖြစ်နေတယ်၊ ခင်ဗျားကရော ကျွန်တော့်ကို သိသလားဟင်'

'စိတ်မရှိပါနဲ့ရှင်၊ ရှင်က ကျွန်မရဲ့ တတိယ ခင်ပွန်းသည်နဲ့ တူလို့ပါ'

'သြော်၊ ဒါဆိုရင် ခင်ဗျားက အိမ်ထောင်ပြုတာ သုံးဆက်တောင် ရှိသွားပြီ ဟုတ်လား'

'မဟုတ်ဘူးရှင့်၊ နှစ်ကြိမ်ပဲ ရှိပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



## ၁၃၈။ မိန်းမရဲ့ ရောဂါ

လူတစ်ယောက်သည် စိတ်ရောဂါကု ဆရာဝန်ထံ ရောက်လာပြီး ပြောပြသည်။

'ဆရာ၊ ကျွန်တော့် မိန်းမမှာ ရောဂါတစ်ခု ရနေတယ်၊ အဲဒါက သူ့အဝတ်အထည်တွေ လူခိုးခံရမှာ ကြောက်နေတယ် ထင်တယ်'

'အဲဒါမျိုး ဖြစ်နေတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲဟင်'

'တစ်ရက် ကျွန်တော် အိမ်ပြန်သွားတော့၊ သူ့အခန်းထဲက အဝတ် ဗီရိုနံဘေးမှာ ယောကျ်ားတစ်ယောက်ကို အစောင့်အဖြစ်ခေါ်ထားတာ တွေ့ရလို့ပါ'

📖

BURMESE CLASSIC .com




## ၁၃၉။ ထပ်ဆက်တာကိုး

တစ်ခါက အရက်သမား တစ်ယောက်သည် နားရွက်နှစ်ဖက်စလုံးကို ပတ်တီးများ စီးထားသည်ကို သူငယ်ချင်း တစ်ယောက်က တွေ့သွားသဖြင့် မေးလိုက်သည်။

'ခင်ဗျား နားရွက်တွေ ဘာဖြစ်လို့လဲ'

'မပြောချင်ပါဘူးကွာ၊ တစ်နေ့က အိမ်မှာ မိန်းမက မီးပူတိုက်နေတုံး အပြင်ထွက်သွားတာ၊ မီးပူကို တယ်လီဖုန်းဘေးမှာ ထားခဲ့တယ်လေ၊ အဲဒီအချိန်မှာ ဖုန်းကလာတော့ ငါက ဖုန်းနဲ့ မီးပူကို မှားပြီး ကောက်ကိုင်မိတယ်ကွ'

'ဒါဆိုရင် နောက်နားရွက်တစ်ဖက်ကရော ဘယ်လိုဖြစ်တာလဲ'

'အဲဒီ ခွေးမသားက တယ်လီဖုန်း ထပ်ဆက်တာကိုးကွ'

📖

www.burmeseclassic.com

www.burmeseclassic.com



## မိုးမိုး (အင်းလျား)
## ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား

ဆယ်ကျော်သက်များအတွက် ဘာနှင့်မျှ မလဲနိုင်သော ယုံကြည်ကိုးစားမှုနှင့် စိတ်ကူးထဲက မိုးကုပ်စက်ဝိုင်းမှာ အချစ် ဖြစ်သည်ဟုဆိုလျှင် သူတို့ မငြင်းမဆန် လက်ခံကြမည်။

အချစ်ကို ရဲရင့်စွာ ယုံကြည်ကိုးစားတတ်သူများ၊ အချစ်အတွက် ဘဝကို အကြီးအကျယ် ပြောင်းလဲလိုက်ကြသူများအတွက် ပီပြင်သော စာနာစိတ်ကို အရင်းခံကာ လေးနက်ဆင်ခြင်ဖွယ် ဒဿနကို စာအုပ်အဆုံးတွင်မှ ခံစားသိနှင့် နားလည်နိုင်ကြစေရန် ဆရာမ မိုးမိုး (အင်းလျား) အားထုတ် ရေးဖွဲ့ခဲ့သောစာအုပ်။

မိဘ မောင်ဘွားများ၊ ဆယ်ကျော်သက်ရွယ် သား၊ သမီးငယ်များ အလဲ အလှယ်လှယ် ဖတ်ရှုကြရမည့် ဘဝသင်ခန်းစာ ဝတ္ထုတစ်ပုဒ်။

[စာမူခွင့်ပြုချက် အမှတ် ၄၇၄/၉၉ (၅)]




## မိုးမိုး (အင်းလျား)
## ဝေဒနာကြာနီပွင့်

မိုးမိုး(အင်းလျား)၏ ၁၈ အုပ်မြောက် လုံးချင်းဝတ္ထုရှည်။

ပေလီကမ်းခြေရွာတွင် မွေးဖွားပြီး သဲသောင်ခြေမှာ ကြမ်းတမ်းစွာ ဆော့ကစားခဲ့သည့် မိန်းကလေးတစ်ဦး။ အခြားတစ်ရပ်မှ ပြောင်းလာသော အစ်မတွေကြား ကြီးပြင်းခဲ့ရသော ယောကျ်ားလေး တစ်ယောက်။

ငယ်သူငယ်ချင်းနှစ်ဦး၊ ဘဝကိုယ်စီ၊ တက္ကသိုလ်ရောက် သံယောဇဉ် အမျှင်တန်းမိ။ မိန်းကလေးက ဖခင် ပင်လယ်မှာဆုံးခဲ့၍ ပင်လယ်ကို စိတ်နာ သော်လည်း ဇာတိချစ်စိတ်ပြင်းပြ။ ယောကျ်ားလေးကလည်း ငယ်ဘဝစရိုက် အတိုင်း မိန်းကလေးသူငယ်ချင်း အဆောင်သူလေးတွေကြား ဒွိဟပွားလျက်။

ပြတ်သားသောမိန်းကလေးနှင့် အသိုင်းအဝိုင်းကြားက ရုန်းမထွက်နိုင် သော ဒွိဟပွားယောကျ်ားကလေးတို့၏ ခွဲခွာရသည့် ဝေဒနာမိုးစက်များ။

ပန်းချီ ခင်မောင်ရင်၏ ၄ပေ x ၃ပေ ရှိ အရောင်များ ဆိုသည့် ပန်းချီကား တစ်ချပ်တစ်ပိုင်းကို ဖေညွှန်ဝေက ဒီဇိုင်းပြုမျက်နှာဖုံး ဖွဲ့စည်းထား၏။

စာရေးသူ၏ စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း ပူးတွဲပါရှိပေသည်။

[စာမူခွင့်ပြုချက် အမှတ် ၅၆၈/၉၉ (၆)]


www.burmeseclassic.com

www.burmeseclassic.com

စိုးချစ်ဦး

# ညှို့ခံဟာသများ

အမှတ် ၇



www.burmeseclassic.com